# ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## 🌻📖အုပ်စု(၁).ဝိနည်း ငါးကျမ်း📖

## ☸💐 ၂။ပါစိတ် ဘာသာ 💐☸

✍စာချကထိက-အရှင်သီလဝံသာလင်္ကာရ(ရေစကြို) စုစည်းပူဇော်သည်✍

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး

ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

# ပါစိတ် ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••••

၁။ ဒုတိယ သဟသေယျသိက္ခာပုဒ်လာ အခန်းတွင်းရောက်လာသော အရှင်အနုရုဒ္ဓါအား အမျိုးသမီးက ပြောဆိုသော တတိယစကားရပ်နှင့် သတ္တရဝဂ္ဂိတို့၏ တူညီမှု (၃)မျိုးကို ဖော်ပြပါ။

၂။ ဘုရားရှင်အား ဆွမ်းစားလက်ခံရန် လျှောက်ထားသော အာဇီဝက၏ စကားနှင့် ဆဗ္ဗဂ္ဂိတို့အား မဟာနာမ်ပေးသော အဆုံးအမ ဩဝါဒကိုလည်း ဖြေဆိုပါ။

၃။ သန္နိဓိကာရသိက္ခာပုဒ်၌ **သိုမှီးပုံ**/ပဏီတဘောဇနသိက္ခာပုဒ်၌ **ဆီသရုပ်နှင့် နို့ရည်သရုပ်ကို** ဖော်ထုတ်ခဲ့ပါ။

၄။ မည်သို့သော ပုဂ္ဂိုလ်ကို "ရှင်သာမဏေ (ကိုရင်)"ဟု ခေါ်ဆိုရမည်နည်း၊ သိက္ခာပုဒ်ကျင့်သုံးလိုသူများ ပြုလုပ်ရမည့် တာဝန် (၃)ရပ်နှင့် ကံပြုနေစဉ် ဆန္ဒမပေးဘဲ ထွက်သွားနိုင်ရာအခါကိုလည်း ဖြေဆိုပါ။

၅။ ရတနသိက္ခာပုဒ်လာ **ရတနသဒ္ဒါနှစ်ခုအထူးကို** ဖြေဆို၍၊ ဒါယကာတို့ ဥစ္စာမေ့ကျန်ရာ၌ သိမ်းထားသော ရဟန်း၏ တာဝန်ကိုလည်း ရေးခဲ့ပါ။

၆။ သေခိယလာ သင်းပိုင်ဝတ်နည်း၊ ကောသီဝတ်နည်းတို့ကို ညွှန်ပြ၍၊ သူဆင်းရဲပြောပြသော **"တရားမရှိသူ (အဓမ္မိက) ပုဂ္ဂိုလ် (၃)ဦး"**တို့ကို အကြောင်းပြဖြေဆိုခဲ့ပါ။

၇။ အာပတ်သင့်ပါလျက် မသင့်သလိုနေပါမူ ထိုအာပတ်မှ စင်ကြယ်မှု ရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်ပြ၍၊ သိက္ခာပုဒ်ပါဠိတော်များသည် ဗုဒ္ဓဟော ဟုတ်၊ မဟုတ်ကိုလည်း အကြောင်းပြ ဆုံးဖြတ်ပြခဲ့ပါ။

၈။ ဒုတိယ သံဃာဒိသေသသိက္ခာပုဒ်လာ **"အပ်စပ်သူမ (ကပ္ပ)နှစ်ဦး"**ကို ဖော်ပြ၍၊ သူခိုးမကို ရဟန်းမ, ပြုပေးရာ၌ အာပတ်သင့်ပုံ အဆင့်ဆင့်ကို ရေးသားခဲ့ပါ။

၉။ စားကောင်းသော ကြက်သွန်ဖြူသရုပ်နှင့် စပါးစိမ်းသရုပ်တို့ကို ဖြေဆိုပါ။

၁၀။ ထုလ္လနန္ဒာ၏ ဂုဏ်ကို ပရိသတ်၌ ပြောပေးသူများကို ဖော်ပြ၍၊ တိုင်ပင်စကားကို သယ်ယူပို့ဆောင်ပေးသော ရှင်ဥပါလိမထေရ်ကို ဘိက္ခုနီမများ ရိုင်းစိုင်းစွာ ဆဲရေးကြပုံနှင့် ဘိက္ခုနီမများ၏ သင်္ကန်း (၅)ထည်တို့တွင် တစ်ထည်အပါအဝင်ဖြစ်သော ရင်စည်းတဘက် (သံကစ္စိက) သင်္ကန်း အဓိပ္ပါယ်ကို လည်း ဖော်ပြခဲ့ပါ။

တစ်ပုဒ်လျှင် (၁၀)မှတ်စီ

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# **အုပ်စု (၁) ဝိနယပိဋက**
# **ပါစိတ် ပါဠိတော် မြန်မာပြန် အဖြေမှန်**

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ **တတိယစကားရပ်** - သုံးကြိမ်မြောက်လည်း ထိုမိန်းမသည် အရှင်အနုရုဒ္ဓါကို အရှင်ဘုရား အရှင်သည် အလွန်အဆင်းလှ၏၊ ရှုချင်စဖွယ် ရှိ၏၊ ကြည်ညိုဖွယ် ကောင်းလှ၏၊ အကျွန်ုပ်သည်လည်း အလွန်အဆင်းလှပါသည်။ ရှုချင်စဖွယ် ရှိပါသည်၊ ကြည်ညိုဖွယ် ကောင်းပါသည်၊ အရှင်ဘုရား တောင်းပန်ပါသည်၊ အရှင်သည် တပည့်တော်မနှင့် ဉစ္စာ ပစ္စည်းအားလုံးကို သိမ်းပိုက်ခံယူတော်မူပါ”ဟု (လျှောက်၏) ပြော၏။ [မြန်၊၃၄] (၇-မှတ်)

**တူညီမှု (၃) မျိုး**

၁။ သုခ ဒုက္ခ ဟူသမျှသို့ တကွအတူ ကပ်ရောက်တတ်သူ ဖြစ်ခြင်း၊

၂။ နေသောအခါလည်း အတူသာလျှင် နေခြင်း၊

၃။ ဖဲသွားသောအခါလည်း အတူသာလျှင် ဖဲသွားခြင်း။ [မြန်၊၆၇] (၃-မှတ်)

၂။ **အာဇီဝက၏ စကား** = အရှင်ဂေါတမသည်လည်း ရဟန်းဖြစ်၏၊ အကျွန်ုပ်သည်လည်း ရဟန်းဖြစ်၏၊ ရဟန်းသည် ရဟန်း၏ ဆွမ်းကို ခံယူခြင်းငှာ ထိုက်ပါ၏၊ အရှင်ဂေါတမသည် ရဟန်းသံဃာနှင့်အတူ မနက်ဖြန်၌ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါလော့-ဟု လျှောက်၏။ [မြန်၊၁၁၅] (၅-မှတ်)

**အဆုံးအမပြဝါဒ** = အရှင်ဘုရားတို့ အရှင်တို့သည် အဘယ်ကြောင့် ဝတ်ဆင်ကုန်သနည်း၊ မကောင်းသဖြင့် ဝတ်ရုံကုန်သနည်း၊ ရဟန်းအသွင်နှင့် မပြည့်စုံကုန်သနည်း၊ ရဟန်းဖြစ်သော သူသည် ကောင်းစွာ ဝတ်ဆင်သင့်သည်၊ ကောင်းစွာ ဝတ်ရုံသင့်သည်၊ ရဟန်း၏ အသွင်နှင့် ပြည့်စုံသင့်သည် မဟုတ်ပါလောဟု ပြောဆို၏။ [မြန်၊၁၅၄။] (၅-မှတ်)

၃။ **သိမ်းမှီးပုံ** = ယနေ့၌ အကပ်ခံ၍ နောက်နေ့၌ ခဲစားခြင်းတည်း၊ [မြန်၊၁၃၃။] (၂-မှတ်)

**ဆီသရုပ်** = နှမ်းဆီ၊ မုန်ညင်းဆီ၊ မယ်ဇယ်ဆီ၊ ကြက်ဆူဆီ၊ အသားဆီ။ [မြန်၊၁၃၅။] (၄-မှတ်)

**နို့ရည်သရုပ်** = နွားနို့ရည်၊ ဆိတ်နို့ရည်၊ ကျွဲနို့ရည်၊ အသားအပ်စပ်သော သတ္တဝါတို့မှ ဖြစ်သော နို့ရည်တို့တည်း။ [မြန်၊၁၃၆။] (၄-မှတ်)

၄။ **ရှင်သာမဏေ** = ဆယ်ပါးသော သိက္ခာပုဒ်ရှိသော သူကို ရှင်သာမဏေ (ကိုရင်)ဟု ခေါ်သည်။ [မြန်၊၁၈၁။] (၂-မှတ်)

တာဝန် (၃) ရပ်

၁။ သိအောင် ပြုရမည်၊

၂။ အဖန်တလဲလဲ မေးမြန်းရမည်၊

၃။ အဖန်တလဲလဲ စုံစမ်းဆင်ခြင်ရမည်။ [မြန်၊၂၀၉။] (၃-မှတ်)

**ထွက်သွားနိုင်ရာအခါ**= သံဃာအား ခိုက်ရန်ဖြစ်ခြင်းသော်လည်းကောင်း၊ ငြင်းခုံခြင်းသော်လည်းကောင်း၊ ဆန့်ကျင်သော အယူကို ယူခြင်းသော်လည်းကောင်း၊ ဆန့်ကျင်သော စကားကို ဆိုခြင်းသော်လည်းကောင်း ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ သွားခြင်း၊

သံဃာ၏ ကွဲပြားခြင်းသော်လည်းကောင်း သံဃာ၏ အရေးသော်လည်းကောင်း ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ သွားခြင်း၊

မတရားသဖြင့်သော်လည်းကောင်း၊ အစုကွဲ၍သော်လည်းကောင်း၊ ကံပြုလတ္တံ့ဟု နှလုံးသွင်း၍ သွားခြင်း၊ ဖျားနာ၍ သွားခြင်း၊

ဖျားနာသော ရဟန်း၏ ပြုဖွယ်ကိစ္စကြောင့် သွားခြင်း၊

ကျင်ငယ် ကျင်ကြီး နှိပ်စက်သောကြောင့် သွားခြင်း၊

ကံမပျက်စေလိုဘဲ တစ်ဖန် ပြန်လာအံ့ဟု နှလုံးသွင်း၍ သွားခြင်းတို့ ဖြစ်ပါသည်။[မြန်၊၂၂၆။]

(၅-မှတ်)

၅။ **ရတနသဒ္ဒါနှစ်ခုအထူး**= <u>ပဌမရတနသဒ္ဒါ၌</u>= ပုလဲ၊ မြ ကျောက်မျက်ရွဲ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ ရွှေ ပတ္တမြားနီ၊ ပတ္တမြားပြောက်တို့ကို ယူ။ (၃-မှတ်)

<u>ဒုတိယရတနသဒ္ဒါ၌</u> = လူတို့၏ အတွင်းအပ အသုံးအဆောင်ကို ယူ။ [မြန်၊၂၃၈] (၂-မှတ်)

**ရဟန်း၏ တာဝန်** = အဆင်းဖြင့်သော်လည်းကောင်း အမှတ်အသားဖြင့်သော်လည်းကောင်း အမှတ်ပြု၍ သိမ်းထားပြီးလျှင် ဥစ္စာပျောက်သော သူသည် လာယူစေသတည်းဟု ပြောကြားရမည်၊ ထိုအရပ်သို့ အကယ်၍လာအံ့၊ ထိုသူကို ဒါယကာ သင်၏ဥစ္စာသည် အဘယ်သို့ သဘောရှိသနည်းဟု မေးမြန်းရမည်၊ အဆင်းအမှတ်နှင့် ညီညွတ်ပြည့်စုံအံ့၊ ပေးရမည်၊ မညီညွတ် မပြည့်စုံအံ့၊ ဒါယကာ ရှာပါအုံးလော့ဟု ပြောရမည်၊ ထိုကျောင်းမှ ဖဲသွားလိုသော ရဟန်းသည် ထိုကျောင်း၌ သင့်လျော်သော ရဟန်းတို့၏ လက်၌ ထား၍ ဖဲသွားရမည်။

သင့်လျော်သော ရဟန်းတို့ အကယ်၍ မရှိအံ့၊ ထိုကျောင်း၌ သင့်လျော်သော လူတို့၏လက်၌ ထား၍ ဖဲသွားရမည်။ [မြန်၊၂၃၉။] (၅-မှတ်)

၆။ **သင်းပိုင်ဝတ်နည်း** = ချက်အဝန်း ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်း၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ဝတ်ရမည်။ [မြန်၊၂၆၇] (၂-မှတ်)

**ကောသီဝတ်နည်း** = ရှေ့နောက် အစွန်းနှစ်ခုတို့ကို အညီအညွတ်ပြု၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ရုံအပ်၏။ [မြန်၊၂၆၈။] (၂-မှတ်)

**အစမ္မိကပုဂ္ဂိုလ် (၃)ဦး** =

၁။ မင်းသည် မြင့်သော နေရာ၌ ထိုင်၍ မန္တာန်ကို သင်ယူ၏၊ ဤမင်းသည် အလွန်တရားကင်းမဲ့လေစွ၊

(၂-မှတ်)

၂။ ပုဏ္ဏားသည် နိမ့်သောနေရာ၌ ထိုင်၍ မြင့်သောနေရာ၌ ထိုင်သော မင်းအား မန္တာန်ကို သင်ပေး၏၊ ဤပုဏ္ဏားသည်လည်း တရားကင်းမဲ့လေစွ။ (၂-မှတ်)

၃။ ငါသည် မိန်းမကြောင့် မင်း၏ သရက်သီးကို ခိုးယူမိ၏၊ ငါသည်လည်း တရားမဲ့သူ ဖြစ်လေစွ။ [မြန်၊၃၀၃။] (၂-မှတ်)

၇။ စင်ကြယ်မှု မရှိပါ။

အကြောင်းပြ = မသိဟန်ဆောင်သော ရဟန်းအား အာပတ်မှ မလွတ်နိုင်ဟု သိက္ခာပုဒ်ပါဠိတော်၌ မိန့်ထားသောကြောင့်။ [မြန်၊၂၁၃။] (၅-မှတ်)

ဗုဒ္ဓဟော ဟုတ်ပါသည်။ အကြောင်းပြ - ဤမျှအတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၍ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတိုင်း သရုပ်အားဖြင့် ပြခြင်းသို့ ရောက်၏ဟု ဆိုထားသောကြောင့်။ [မြန်၊၃၀၉။] (၅-မှတ်)

၈။ **အပ်စပ်သူမိန်းမ ၂ ဦး** = ၁။ တိတ္ထိတို့ဘောင်၌ ရဟန်းပြုဖူးသော မိန်းမ၊ အခြားသော ဘိက္ခုနီမတို့ဘောင်၌ ရဟန်းပြုဖူးသော မိန်းမ။ [မြန်၊၃၃၁။] (၂-မှတ်)

**အာပတ်သင့်ပုံ** = ရဟန်းပြုဖူးသော မိန်းမကို ကြည့်၍ ရဟန်းပြုပေးအံ့ဟု ဂိုဏ်းကိုသော်လည်းကောင်း၊ ဆရာမကိုသော်လည်းကောင်း၊ သပိတ်ကိုသော်လည်းကောင်း၊ သင်္ကန်းကိုသော်လည်းကောင်း ရှာအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ (၄-မှတ်)

ဉတ်ထားအံ့ ဒုက္ကဋ်အာပတ် သင့်၏။ (၁-မှတ်)

ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၁-မှတ်)

ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်ဆရာမအား သံဃာဒိသိသ်အာပတ် သင့်၏။ (၁-မှတ်)

ဂိုဏ်းအားလည်းကောင်း၊ ကမ္မဝါစာဆရာမအားလည်းကောင်း ဒုက္ကဋ်အာပတ် သင့်၏။ [မြန်၊၃၃၁။] (၁-မှတ်)

၉။ **ကြက်သွန်ဖြူသရုပ်** = ကြက်သွန်ဝါ၊ ကြက်သွန်နီ၊ ကြက်သွန်စိမ်း၊ အခြောင့်မရှိ ကြက်သွန်ဖြူ ကျက်ပြီးဟင်း၊ ကျက်ပြီးအမဲဟင်း၊ ဆီကျက်၊ ဆီးယို၊ လက်သုပ်ဟင်းလျာ။ [မြန်၊၃၈၅။] (၅-မှတ်)

**စပါးစိမ်း**= သလေး၊ ကောက်ကြီး၊ ကောက်လတ်၊ ကောက်ကြမ်း၊ မုယော၊ မာလီ၊ နက်ကောက်၊ ဂျုံ၊ ဆတ်၊ ပြောင်း၊ လူး။ [မြန်၊၃၉၂။] (၅-မှတ်)

၁၀။ **ပြောပေးသူ**= ကစေသူ၊ ကချေသည်၊ ကျွမ်းသမား၊ မျက်လှည့်သမား၊ အိုးစည်သမားတို့ ဖြစ်သည်။ [မြန်၊၄၂၃။] (၄-မှတ်)

**ဆဲရေးပုံ** = ဖန်ရည်စွန်းသော ဆတ္တာသည်တို့၏ အဝတ်ကို ဝတ်၍ အညစ်အကြေးကို သုတ်သင်ပေးရသည့် ဤဇာတ်ညံ့သူ ဥပါလိသည် အဘယ်ကြောင့် ငါတို့ တိုင်ပင်ချက်ကို ဖျက်ဆီးလေဘိသနည်း။ [မြန်၊၄၅၉။] (၄-မှတ်)

**ရင်စည်းတဘက်အဓိပ္ပါယ်** = ညှပ်ရိုးအောက် ချက်အထက်ကို ဖုံးလွှမ်းခြင်းငှာ အသုံးပြုသော အဝတ်တည်း။ [မြန်၊၅၂၆။] (၂-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**ပါစိတ္တိယ ပါဠိတော် မြန်မာပြန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၂) ရက်၊ (၃၀. ၅. ၂၀၁၄) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

## မေးခွန်းနှင့် အဖြေ

၁။ တည်းခိုခန်းပိုင်ရှင် အမျိုးသမီးက အရှင်အနုရုဒ္ဓါအပေါ် အံ့ဩစွာ ပြောဆိုသော စကားနှင့် တောင်းပန်ပုံကို ဖော်ပြ၍၊ သမာဓိ၏ အဓိပ္ပါယ်ကိုလည်း ဘူတာရောစနလာအတိုင်း ဖော်ပြခဲ့ပါ။

**ဖြေ။ အံ့ဩစွာ ပြောဆိုသော စကား**

ထိုမိန်းမသည် "အချင်းတို့ အံ့ဖွယ် ရှိစွတကား၊ အချင်းတို့ မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ များစွာသော လူတို့သည် ငါ့ကို အရာအထောင်သော ဥစ္စာပစ္စည်းဖြင့် စေလွှတ်၍ တောင်းရမ်းကုန်၏၊ (စေ့စပ်ကြောင်းလမ်းကြကုန်၏)။ ဤရဟန်းသည်ကား ငါကိုယ်တိုင် တောင်းပန်ပါလျက် ငါနှင့် ဥစ္စာပစ္စည်းအားလုံးကို သိမ်းပိုက်ခံယူဖို့ရန် အလိုမရှိ"ဟု ဆို၏။

(၃-မှတ်) (မြန်၊နှာ-၃၄။)

**တောင်းပန်ပုံ**

အသျှင်အနုရုဒ္ဓါ၏ ခြေတို့၌ဦးခေါင်းဖြင့် ဝပ်လျှိုးလျက် အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် တပည့်တော်မကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ။ တပည့်တော်မသည် ဤသို့ မတော်မလျော်သော အမှုကို ပြုမိပါ၏၊ အသျှင်ဘုရား အသျှင်သည် တပည့်တော်မ၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှါ သည်းခံတော်မူပါလော့"ဟု လျှောက်၏။

(၄-မှတ်) (မြန်၊နှာ-၃၄။)

**သမာဓိအဓိပ္ပါယ်**

သမာဓိဟူသည် ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ'၊ ကိလေသာအကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ'၊ ကိလေသာ တောင့်တမှုမရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' တည်း။

(၃-မှတ်) (မြန်၊နှာ-၄၃။)

မှတ်ချက်။ ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၂။ ပရမ္မရဘောဇဉ်၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ အတိရိတ်ဝိနည်းကံ ပြုပုံကိုလည်း ရေးသားခဲ့ပါ။

**ဖြေ။ ပရမ္မရဘောဇဉ်၏ အဓိပ္ပါယ်**

ပရမ္မရဘောဇဉ် မည်သည် ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်တို့ဖြင့် ပင့်ဖိတ်လတ်သော် ထိုဘောဇဉ်ကို ထား၍ အခြားသော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်ကို စားငြားအံ့၊ ဤဘောဇဉ်သည် ပရမ္မရဘောဇဉ် မည်၏။ (၅-မှတ်) (မြန်၊နှာ-၁၂၁။)

**အတိရိက်ဝိနည်းကံပြုပုံ**

အတိရိက်ဝိနည်းကံပြုသည် မည်သည် ကပ္ပိ၍ 'အပ်သည်ကို' ပြုအပ်၏၊ အကပ်ခံ၍ ပြုအပ်၏၊ ချီမ၍ ပြုအပ်၏၊ ဟတ္ထပါသ်၌ ပြုအပ်၏၊ ဆွမ်းစားစဉ် ပြုအပ်၏၊ ဆွမ်းစားစဉ် တားမြစ်မိသော ရဟန်းသည် နေရာမှ မထမီ ပြုအပ်၏၊ "ဤအလုံးစုံကို ငါတန်ပြီ"ဟု ဆိုအပ်၏၊ သူနာ၏ အကြွင်း ဖြစ်၏၊ ဤအလုံးစုံသည် အတိရိက်ဝိနည်းကံပြုသည် မည်၏။ (၅-မှတ်) (မြန်၊နှာ-၁၂၇။)

**မှတ်ချက်။** ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၃။ ဒန္တပေါဏသိက္ခာပုဒ်လာ အကပ်မြောက်အောင် ပေးပုံကို ဖော်ပြ၍၊ မျက်စိ, နားတို့၏ ဆိတ်ကွယ်ရာ ဌာနများကို ပြဆိုကာ၊ စစ်ချီတက်ပွဲ ဝင်ရောက်ဆင်နွှဲသော ဆဗ္ဗဂ္ဂီရဟန်းတို့အား လူတို့ကဲ့ရဲ့ပုံကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ အကပ်မြောက်အောင်ပေးပုံ**

ပေးအပ် မည်သည် ကိုယ်ဖြင့်သော်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်လည်းကောင်း၊ ပစ်လွှင့်သောအားဖြင့်သော်လည်းကောင်း၊ ပေးသည်ရှိသော် ဟတ္ထပါသ် 'နှစ်တောင့်ထွာ' အတွင်း၌ ရပ်တည်လျက် ကိုယ်ဖြင့်သော်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်လည်းကောင်း ခံယူအံ့၊ ဤကား ပေးအပ်သည် မည်၏။

(၃-မှတ်) (မြန်၊နှာ-၁၃၈။)

**မျက်စိ, နားတို့၏ ဆိတ်ကွယ်ရာ**

မျက်စိ၏ ဆိတ်ကွယ်ရာ မည်သည် မျက်စိကို မှိတ်သော်လည်းကောင်း၊ မျက်မှောင်ကို ချီသော်လည်းကောင်း၊ ဦးခေါင်းကို မော့သော်လည်းကောင်း မြင်ခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

နား၏ ဆိတ်ကွယ်ရာ မည်သည် ပကတိပြောသော စကားကို ကြားခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

(၄-မှတ်) (မြန်၊နှာ-၁၄၈။)

**လူတို့ကဲ့ရဲ့ပုံ**

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ လာကုန်ဘိသနည်း၊ အကြင် ငါတို့သည် အသက်မွေးမှုဟူသော အကြောင်းကြောင့် သားမယား (မွေးမှု)ဟူသော အကြောင်းကြောင့် စစ်ထိုးခြင်းငှါ လာရကုန်၏၊ ထိုငါတို့ အားလည်း လူအဖြစ်ကို အရတော်သည်မဟုတ်၊ ထိုငါတို့သည် ဤလူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်၏"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

(၃-မှတ်) (မြန်၊နှာ-၁၅၇။)

မှတ်ချက်။ ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မေးခွန်းနှင့် အဖြေ

၄။ အရက်သောက်မှား ဆိုးကျိုးများပုံကို အရှင်သာဂတကို ရှုကာ အကျဉ်းချုပ် ဖော်ပြ၍၊ သေရည်ကို ချိုရည်ထင်၍ သောက်သော် အပြစ်ဖြစ်/မဖြစ် ဆုံးဖြတ်ပြီး၊ သတ္တရသဝဂ္ဂိတို့အား တင်လဲခဲ လှူရာ၌ ကောသလမင်း၏ အကြံအစည်ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ အရက်သောက်မှား ဆိုးကျိုးများ**

မြို့မှထွက်လာသည်ရှိသော် မြို့တံခါးဝ၌ လည်းကျခြင်း။

မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့ ခေါင်းပြုလျက် အိပ်စေကုန်ရာအခါ၌ ပြန်လှန်၍ မြတ်စွာဘုရားရှိတော်မူရာ အရပ်ကို ခြေရင်းပြု၍ အိပ်ခြင်း။

မြတ်စွာဘုရား၌ ရိုသေခြင်း, တုပ်ဝပ်ခြင်း, မရှိတော့ခြင်း။

နဂါးနှင့် စစ်ထိုးခြင်းငှာ မစွမ်းနိုင်တော့ခြင်း။

အမှတ်သညာကင်းခြင်း, မိန်းမောတွေဝေခြင်း။ (၅-မှတ်) (မြန်၊နှာ-၁၆၃-၄။)

**အပြစ်ဖြစ်/မဖြစ်**

သေရည်အရက်၌ သေအရက်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ သောက်အံ့ ပါစိတ်အာပတ်သင့်၏ဟူသော စကားကို ထောက်၍ အပြစ်ဖြစ်ပါသည်။ (၂-မှတ်) (မြန်၊နှာ-၁၆၅။)

**ကောသလမင်း၏ အကြံအစည်**

ထိုအခါ ပသေနဒီကောသလမင်းကြီးအား "ငါကလည်း မြတ်စွာဘုရားအား (တိုက်ရိုက်) မလျှောက်ထားဘဲ မြတ်စွာဘုရားကလည်း ဤရဟန်းတို့သည် ရေ၌ (မြူးထူးပျော်ပါး) ကစားကုန်၏ဟု အဘယ်နည်းဖြင့် သိတော်မူရာ အံ့နည်း"ဟူ၍ အကြံဖြစ်၏။ (၃-မှတ်) (မြန်၊နှာ-၁၆၇။)

**မှတ်ချက်။** ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၅။ သူတစ်ပါးအသက် သတ်ပါလျက် အာပတ်မသင့်သော ရဟန်းများကို သဒ္ဒိစ္စသိက္ခာပုဒ်မှ ထုတ်ပြပြီး၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်လာ ဖုံးလွှမ်းပုံနှင့် အာပတ်သင့်ချိန်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **အာပတ်မသင့်သော ရဟန်းများ**

သေစေလိုသော စေတနာမရှိသော ရဟန်း၊ သတိမထားမိသော ရဟန်း၊ မသိသော ရဟန်း၊ သေစေလိုသော သဘောမရှိသော ရဟန်း၊ ရူးသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ်မသင့်။

(၄-မှတ်) (မြန်၊နှာ-၁၈၅။)

**ဖုံးလွှမ်းပုံနှင့် အာပတ်သင့်ချိန်**

ဖုံးလွှမ်းခြင်းအံ့ဟူသည် "ဤရဟန်းကို (သူတစ်ပါးတို့က) သိလျှင် စောဒနာကုန်လတ္တံ့၊ အောက်မေ့စေကုန်လတ္တံ့၊ ဆဲရေးကုန်လတ္တံ့၊ ရှုတ်ချကုန်လတ္တံ့၊ မျက်နှာမလှ ဖြစ်စေကုန်လတ္တံ့၊ (ငါ) မပြောကြားတော့အံ့"ဟု ဝန်ချကာမျှနှင့် ပါစိတ်အာပတ် သင့်၏။

(၆-မှတ်) (မြန်၊နှာ-၁၈၉။)

မှတ်ချက်။ ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၆။ အသက်နှစ်ဆယ် မပြည့်သေးသူတို့၏ အားနည်းချက်များကို ပြဆို၍၊ သံဝိဓာနသိက္ခာပုဒ်လာ ရဟန်းတစ်ပါး မာတုဂါမနှင့် အဘယ်သို့ တိုင်ပင်၍ အဘယ်မှ အဘယ်အရပ်သို့ ခရီးသွားသဖြင့် အဘယ်ဒုက္ခ တွေ့ကြုံရသည်ကို ဖြေဆိုခဲ့ပါ။

ဖြေ။ **အသက်နှစ်ဆယ်မပြည့်သူတို့၏ အားနည်းချက်များ**

အသက်နှစ်ဆယ်မပြည့်သေးသော ပုဂ္ဂိုလ်သည် အချမ်း အပူ ဆာလောင်ခြင်း, မွတ်သိပ်ခြင်း, မှက် ခြင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့တို့ကို သည်းမခံနိုင်၊ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်းကောင်း၊ ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်းကောင်း သည်းခံနိုင်ခြင်းသဘော မရှိသည် သာလျှင်တည်း။ (၅-မှတ်) (မြန်၊နှာ-၁၉၁။)

**ကြုံရသော ဒုက္ခ**

ရဟန်းတစ်ပါးသည် မာတုဂါမနှင့် အရှင်ဘုရား အရှင်သည် အဘယ်အရပ်သို့ သွားမည်နည်း။ နှမ ငါသည် သာဝတ္ထိပြည်သို့ သွားအံ့။ အကျွန်ုပ်သည် အရှင်နှင့် အတူ လိုက်လိုပါ၏။ နှမ လိုက်ခဲ့ သွားမည်ဟု တိုင်ပင်၍ ကောသလတိုင်း မထင်ရှားသော ရွာမှ သာဝတ္ထိပြည်သို့ ခရီးသွားသဖြင့် ထိုအမျိုးသမီး၏ ယောကျ်ားသည် ရဟန်းကို ဖမ်းဆီး ထုထောင်းခံရခြင်း ဒုက္ခကြုံရလေ၏။ (၅-မှတ်) (မြန်၊နှာ-၁၉၄။)

**မှတ်ချက်။** ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၇။ ကာမဂုဏ်တို့မှ ဝေးစွာ ရှောင်ကြဉ်နိုင်ရန် ကာမဂုဏ်အပြစ်ပြ ဥပမာဆယ်မျိုးကို ဖော်ပြခဲ့ပါ။

ဖြေ။ **ကာမဂုဏ်အပြစ်ပြ ဥပမာများ**

မြတ်စွာဘုရားသည် ကာမဂုဏ် တို့ကို အသားမကပ်သော အရိုးနှင့် တူကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များ၏ဟူ၍ ဟောတော်မူ၏။

သားတစ်နှင့် တူကုန်၏ဟူ၍လည်းကောင်း၊

မြက်မီးရှူးနှင့် တူကုန်၏ဟူ၍လည်းကောင်း၊

မီးကျီးတွင်းနှင့် တူကုန်၏ဟူ၍လည်းကောင်း၊

အိပ်မက်နှင့် တူကုန်၏ဟူ၍လည်းကောင်း၊

အငှါးပစ္စည်းနှင့် တူကုန်၏ဟူ၍လည်းကောင်း၊

အသီးရှိသော အပင်နှင့် တူကုန်၏ဟူ၍လည်းကောင်း၊

စဉ်းတီတုံးနှင့် တူကုန်၏ဟူ၍လည်းကောင်း၊

လှံတံကျင်နှင့် တူကုန်၏ဟူ၍လည်း ကောင်း၊

မြွေဦးခေါင်းနှင့် တူကုန်၏ဟူ၍လည်းကောင်း ဟောတော်မူ၏၊ (၁၀-မှတ်) (မြန်၊နှာ-၁၉၇။)

မှတ်ချက်။ ။ အဖြေမှန် ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၈။ ကဏ္ဍကသာမဏေအား မိစ္ဆာအယူဖြစ်နေပုံကို ဖော်ပြ၍၊ မောဟနသိက္ခာပုဒ်လာ ပါစိတ်အာပတ် သုံးမျိုး ဖြစ်ပုံကို ပြဆိုကာ၊ ပဟာရသိက္ခာပုဒ်လာ ပုတ်ခတ်ပုံအခြင်းအရာများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မိစ္ဆာအယူဖြစ်ပုံ

ကဏ္ဍကမည်သော သာမဏေအား "(ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါ သိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်"ဟု ယုတ်မာသော မိစ္ဆာအယူ ရှိ၏။ (၃-မှတ်)(မြန်၊နှာ-၂၀၃။)

ပါစိတ်အာပတ် (၃)မျိုး

ဓမ္မကံ၌ ဓမ္မကံဟု အမှတ်ရှိသည် ဖြစ်၍ မိုက်ယောင်မူအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ မိုက်ယောင်မူအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံဟု အမှတ်ရှိသည် ဖြစ်၍ မိုက်ယောင်မူအံ့၊ ပါစိတ်အာပတ် သင့်၏။ (၃-မှတ်)(မြန်၊နှာ-၂၁၅။)

ပုတ်ခတ်ပုံ

ပုတ်ခတ်ငြားအံ့ဟူသည် ကိုယ်ဖြင့်သော်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်လည်း ကောင်း၊ လွှတ်အပ်သော ဝတ္ထုဖြင့်သော်လည်းကောင်း အယုတ်သဖြင့် ကြာရွက်ဖြင့်လည်း ပုတ်ခတ်အံ့၊ ပါစိတ်အာပတ် သင့်၏။ (၄-မှတ်)(မြန်၊နှာ-၂၁၆။)

မှတ်ချက်။ ။ အဖြေမှန်ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၉။ သုန္ဒရီနန္ဒာ၏ ဂုဏ်ရည်ကို ဖော်ပြ၍၊ ရဟန်းမ-ဟု ခေါ်နိုင်ခြင်း (၁၂)မျိုးတို့တွင် ရှေ့ငါးမျိုးကိုသာ ရေတွက်ပြခဲ့ပါ။

**ဖြေ။ သုန္ဒရီနန္ဒာ၏ဂုဏ်ရည်**

သုန္ဒရီနန္ဒာဘိက္ခုနီမသည် ငယ်စဉ်က ရဟန်း ဖြစ်၏၊ အဆင်းလှ၍ ရှုချင်ဖွယ် ကြည်ညိုဖွယ်ရှိ၏၊ ပညာရှိ၍ စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံ၏၊ ထက်မြက်သော ဉာဏ်ပညာလည်း ရှိ၏၊ လိမ္မာဖျတ်လတ်၍ ပျင်းရိခြင်းလည်း မရှိ ထိုထိုအမှု၌ အကြောင်းကို စုံစမ်းခြင်းနှင့် ပြည့်စုံ၍ ပြုလုပ်စီမံခြင်းငှါလည်း စွမ်းနိုင်၏၊ (၅-မှတ်)(မြန်၊နှာ-၃၁၁။)

**ရဟန်းမဟု ခေါ်နိုင်ခြင်း ၅-မျိုး**

ရဟန်းမဟူသည်-

(၁) (အရိယာသူတော်ကောင်းတို့၏ တောင်းခြင်းဖြင့်) တောင်းတတ်သောကြောင့် ဘိက္ခုနီမ၊

(၂) ဆွမ်းခံခြင်း အကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ဘိက္ခုနီမ၊

(၃) ဆုတ်ဖြတ်ပြီးသော အဝတ်ကို ဝတ်ရုံတတ်သောကြောင့် ဘိက္ခုနီမ၊

(၄) ဘိက္ခုနီဟု သမုတ်ခြင်းကြောင့် ဘိက္ခုနီမ၊

(၅) ဘိက္ခုနီဟု ဝန်ခံခြင်းကြောင့် ဘိက္ခုနီမ၊ (၅-မှတ်)(မြန်၊နှာ-၃၁၄။)

မှတ်ချက်။ ။ အဖြေမှန်ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## မေးခွန်းနှင့် အဖြေ

၁၀။ အလိုကြီးသူများအား ဟောကြားသင့်သော တရားစကားကို လသုဇာသိက္ခာပုဒ်တော်မှ ထုတ်ဖော်ပြ၍၊ ဘိက္ခုနီမတို့ အဝတ်မပါဘဲ ရေချိုးသဖြင့် အဘယ်သူတို့က အဘယ်သို့ ပြောင်လှောင်ကြပါသနည်း? ဖြေဆိုပါ။

**ဖြေ။ ဟောကြားသင့်သော တရားစကား**

ရရှိသော ဝတ္ထုပစ္စည်းဖြင့် နှစ်သက်ရောင့်ရဲရမည်။ မှန်ပေစွ၊ လောဘကြီးလွန်းခြင်းသည် ယုတ်မာ၏၊ ဟင်္သာမင်းကို ဖမ်း၍ (အတောင်ကို အကုန်နုတ်ယူသောကြောင့်) ရွှေမှ ဆုံးရှုံးယုတ်လျော့ ရလေသတည်း။

(၄-မှတ်)(မြန်၊နှာ-၃၈၄။)

**ပြောင်လှောင်ပုံ**

ပြည့်တန်ဆာမတို့က "အသျှင်မတို့ ငယ်ရွယ်သူဖြစ်သော သင်တို့အား အကျင့်မြတ်ကို ကျင့်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ကာမဂုဏ်စည်းစိမ်ကို ခံစားသင့်သည် မဟုတ်ပါလော၊ အိုမင်းသော အခါ၌ အကျင့်မြတ်ကို ကျင့်ရကုန်လတ္တံ့၊ ဤသို့ကျင့်လျှင် သင်တို့အား အကျိုးနှစ်ပါးတို့သည် သိမ်းပိုက်ရ ပြီးဖြစ်ကုန်လတ္တံ့."ဟု ထိုဘိက္ခုနီမတို့အား ပြက်ရယ်ပြုကုန်၏။ ဘိက္ခုနီမတို့သည် ပြည့်တန်ဆာမတို့ ပြက်ရယ်ပြုသောကြောင့် မျက်နှာမသာ ဖြစ်ကုန်၏။

(၆-မှတ်)(မြန်၊နှာ-၄၁၃။)

မှတ်ချက်။ ။ အဖြေမှန်ကို မြန်မာပြန်ဖြင့် ထုတ်ထားပါသည်။ ပါဠိတော်နိဿယများအတိုင်း ဖြေဆိုကလည်း မှန်ကန်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါစိတ် ပါဠိတော် မြန်မာပြန် အဖြေ

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၂၃. ၆. ၂၀၁၅) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

..............................................

၁-မေး။ လောက၌ ယုတ်သော အတတ်တို့ကို ဖော်ပြ၍၊ ရဟန်းတစ်ပါးသည် ဒွန်းစဏ္ဍားရဟန်းတစ်ပါးကို ရယ်မြူးလိုသော သဘောဖြင့် "မင်းဟာ ဒွန်းစဏ္ဍားပဲ"ဟု ပြောကြားရာ၌ သင့်ရောက်သော အပြစ်ကို ဖော်ပြပြီးလျှင်၊ ချောပစ်ကုန်းတိုက်မှုဖြစ်ကြောင်းများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ယုတ်သောအတတ်များ= ကျူထရုံသည် အတတ်၊ အိုးထိန်းသည်အတတ်၊ ယက်ကန်းသည်အတတ်၊ သားရေနယ်အတတ်၊ ဆတ္တာသည်အတတ်၊ (၅-မှတ် ၊ မြန် စာ ၁၁)

ဒုက္ကဋ်အာပတ်သင့်ပါသည်။(၃-မှတ်၊ မြန် စာ ၂၀)

ချောပစ်ကုန်းတိုက်မှုဖြစ်ကြောင်းများ= မိမိအား ချစ်ခင်စေလိုခြင်း ၊ကွဲပြားစေလိုခြင်း၊

(၂-မှတ်၊ မြန် စာ ၂၄)

၂-မေး။ မြတ်စွာဘုရားရှင်၏ တပည့်သာဝကတို့ကို မေးရာ၌ အကြောင်းတို့ကို ဖော်ပြ၍၊ ဒုတိယသေနာသနသိက္ခာပုဒ်လာ သတ္တရသဝဂ္ဂီရဟန်းတို့၏ ထူးခြားသော စရိုက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ သာဝကတို့ကို မေးရာ၌ အကြောင်းများ = တရားကိုသော်လည်းဟောကုန်အံ့၊ တပည့်သာဝကတို့အား သိက္ခာပုဒ်တော်ကိုသော်လည်း ပညတ်အံ့( ၄-မှတ်၊ မြန် စာ ၄၂)

ထူးခြားသောစရိုက်= နေသောအခါလည်း အတူသာလျှင် နေခြင်း၊ ဖဲသွားသောအခါလည်း အတူသာလျှင်ဖဲသွားခြင်း၊ (၆-မှတ်၊ မြန် စာ ၆၇)

၃-မေး။ အရှင်ဥဒါယီချုပ်ပေးသော သင်္ကန်းကို ဝတ်ရုံခဲ့သော ဘိက္ခုနီမအား လူတို့ကဲ့ရဲ့ကြပုံကို ဖော်ပြ၍၊ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုး အာဇီဝကတစ်ဦး၏ ကျွေးလိုသော ထမင်း(ဘတ်)အမည်ကို ဖော်ပြပြီး၊ ပရမ္ပရဘောဇဉ်၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။

ဖြေ။ လူတို့ကဲ့ရဲ့ပုံ= ဤရဟန်းမတို့သည် အလွန်အကြောက်အလန့်ကင်းပြတ်ကုန်၏။ အပျော်အပါးကြူးကုန်၏၊ အရှက်မရှိကုန်၊ ရဟန်းမိန်းမတို့ဖြစ်ပါလျက် သင်္ကန်း၌ဆန်းကြယ်သောမိန်းမရုပ် ယောကျ်ားရုပ်တို့ကို ထင်စေတုံဘိ၏။ (၄-မှတ်၊ မြန်-၉၇)

ထမင်း(ဘတ်)အမည်= ပါသဏ္ဍာအယူရှိသူတို့အား ကျွေးသောထမင်းဘတ်(သဗ္ဗပါသဏ္ဍိကဘတ်)(၂-မှတ်၊မြန် ၁၁၅)

ပရမ္ပရဘောဇဉ်ဟူသည်- ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသောဘောဇဉ်တို့ဖြင့် ပင့်ဖိတ်လသော် ထိုဘောဇဉ်ကိုထား၍ အခြားသောဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသောဘောဇဉ်ကို စားငြားအံ့၊ ဤဘောဇဉ်သည် ပရမ္ပရဘောဇဉ်မည်၏။(၄-မှတ် မြန်မာပြန် စာ ၁၀၅ )

၄-မေး။ အစေလကဝဂ်၌ ရှိသော သိက္ခာပုဒ်တို့ဝယ် အရှင်ဥပနန္ဒကြောင့် ပညတ်ခဲ့ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို မြန်မာလို ရေးပြခဲ့ပါ။

ဖြေ။ စာရိတ္တသိက္ခာပုဒ်မြန်မာပြန်

အကြင်ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိပါလျက် ထင်ရှားရှိသောရဟန်းကို မပန်ကြားမူ၍ ဆွမ်းမစားမီရှေးအဖို့၌သော်၎င်း ၊ဆွမ်းစားပြီးနောက်၌သော်၎င်း၊ အခြားဒါယကာအိမ်တို့သို့ အချိန်အခါကိုကြည့်၍ လှည့်လည်သွားအံ့ ။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏၊ ထိုအိမ်တပါးသို့သွားရာ၌ ဤဆိုလတံ့သည်ကား အချိန်အခါတည်း။ သင်္ကန်းလှူသောအခါ၊ နာဖျားသောအခါ၊ ဤကား ထိုအိမ်တပါးသို့သွားရာ၌ အချိန်အခါတည်း။ (၁၀-မှတ်၊ မြန် ၁၅၁)

၅-မေး။ လောက၌ ဝီစကီအရက်၊ ဗော့ဒကာအရက်-စသည်ဖြင့် အရက်အမျိုးမျိုး ရှိရာ ပါစိတ်ပါဠိတော်၌ လာသော အရက်အမျိုးမျိုးတို့ကို ထုတ်ပြ၍၊ ရှင်ရဟန်းဘဝအပေါ် လူတို့၏အမြင်အမျိုးမျိုး ရှိနေပြန်ရာ ဥပါလိမိဘတို့၏ အမြင်ကိုသာ ထုတ်နုတ်တင်ပြခဲ့ပါ။

ဖြေ။ အရက်ငါးမျိုး= အပွင့်ဖြင့်ပြုအပ်သောအရက်၊ အသီးပြုအပ်သောအရက်၊ ပျားရည်ဖြင့်ပြုအပ်သောအရက်၊ တင်လဲဖြင့်ပြုအပ်သောအရက်၊ အထူးထူးသောအရာဝတ္ထုတို့ဖြင့် ပြုအပ်သောအရက်၊ (၅-မှတ်၊ မြန်-၁၆၄)

ဥပါလိမိဘတို့အမြင်= ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတော်တို့သည်၊ ချမ်းသာသောအလေ့ရှိကုန်၏၊ ချမ်းသာသောအကျင့်ရှိကုန်၏ ၊ ကောင်းသောစားဖွယ်တို့ကိုစား၍ လေမိုးလုံသောအိပ်ရာနေရာတို့၌ သာလျှင်အိပ်ရကုန်၏၊ ဥပါလိသည် သာကီဝင်မင်းသားဘုရား အနွယ်တော်ဖြစ်သော ရဟန်းတို့၏အထံ၌ ရဟန်းပြုမှုသာလျှင် ငါတို့သေလွန်သည့်အခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ၊ (၅-မှတ်၊ မြန်မာပြန် စာ ၁၉၀)

၆-မေး။ လယ်တီဆရာတော်ဘုရားကြီးက "ငါးအာရုံဘင်အစ ခင်မှုနှင့်နေ့ကုန်" စသည်ဖြင့် ကဗျာလင်္ကာစပ်ဆို၍ ကာမဂုဏ်အာရုံကို ဘင်(မစင်)နှင့်တူသည်ဟု စပ်ဆိုထားရာ မြတ်ဗုဒ္ဓကလည်း ပါစိတ်ပါဠိတော်၌ အဘယ်တို့နှင့်တူသည်ဟု မိန့်တော်မူခဲ့ပါသနည်း ဖြေဆိုပါ။

ဖြေ။ ဗုဒ္ဓဟောကြားဥပမာများ

ကာမဂုဏ်တို့သည် အသားမကပ်သောအရိုးနှင့်တူကုန်၏၊ သားတစ်နှင့်တူကုန်၏၊ မြက်မီးရှူးနှင့်တူကုန်၏၊ မီးကျီးတွင်းနှင့်တူကုန်၏၊ အိပ်မက်နှင့်တူကုန်၏၊ အငှားပစ္စည်းနှင့်တူကုန်၏၊ အသီးရှိသောအပင်နှင့်တူကုန်၏၊ စဉ်းတီးတုံးနှင့်တူကုန်၏၊ လှံတံကျင်နှင့်တူကုန်၏၊ မြွေဦးခေါင်းနှင့်တူကုန်၏၊ (၁၀-မှတ်၊ မြန် စာ ၁၉၈)

၇-မေး။ မြတ်ဗုဒ္ဓသင်္ကန်းတော်ပမာဏကို အထွာအနေအားဖြင့် ဖော်ပြ၍၊ ယခုခေတ် သရုပ်ပျက် လူရှင်တော်အချို့သည် ရတနာသုံးပါးနှင့် စပ်၍ ဟာသများ ပြုလုပ်တင်ဆက်ကြရာ ယင်းနှင့် စပ်လျင်း၍ မြတ်ဗုဒ္ဓ၏ ပညတ်တော် တစ်ရပ်ကိုလည်း ရေးသားတင်ပြခဲ့ပါ။

ဖြေ။ မြတ်ဗုဒ္ဓသင်္ကန်းတော်ပမာဏကို အထွာ=အလျား-၉ထွာ၊(၃-မှတ်) အနံ -၆ထွာ၊ (၃-မှတ်)

မြတ်ဗုဒ္ဓ၏ပညတ်တော်တစ်ရပ်

ရဟန်းတို့ ဘုရား တရား သံဃာနှင့်စပ်လျဉ်း၍ ရယ်ရွှင်ဖွယ်ကိုမပြုအပ် ၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊(၄-မှတ်၊ မြန် စာ ၂၃၅/၂၉၃)

၈-မေး။ ချိန်းချက်ရာအရပ်သို့ သွားသော ရဟန်းမ၏ အာပတ်သင့်ပုံကို ရေးပြ၍ လူမှုကိစ္စကို ပြုသော ရဟန်းမအား အာပတ်သင့်၏ဟု ဆိုရာ၌ ယင်းလူမှုကိစ္စဟူသည် အဘယ်ပါနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ချိန်းချက်ရာအရပ်သို့သွားသော ရဟန်းမ၏ အာပတ်သင့်ပုံ

မသူတော်အကျင့်ကို မှီဝဲခြင်းငှာ ယောကျ်ားက ဤမည်သောအရပ်သို့ လာပါလော ဟုချိန်းချက်၍ သွားအံ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ ယောကျ်ား၏ နှစ်တောင့်ထွာအတွင်းသို့ ရောက်သည်ရှိသော် ထုလ္လစ္စည်းအာပတ်သင့်၏၊ (၆-မှတ်၊ မြန် စာ ၃၂၅)

လူမှုကိစ္စဟူသည်= လူတို့၏ ယာဂုကိုသော်၎င်း၊ ထမင်းကိုသော်၎င်း၊ ခဲဖွယ်ကိုသော်၎င်း၊ ချက်ပြုတ်ခြင်း ၊ ပုဆိုးကိုသော်၎င်း၊ ခေါင်းပေါင်းကိုသော်၎င်း၊ လျှော်ဖွတ်ပေးခြင်းတို့တည်း၊ (၄-မှတ်၊ မြန် စာ ၄၄၇)

၉-မေး။ ဆဗ္ဗဂ္ဂီရဟန်းမတို့က အရှင်ဥပါလိကို ဆဲရေးသော စကားတို့ကို ရေးသားပြ၍ လူမိန်းမတို့၏ အဆင်တန်ဆာ တို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ဆဲရေးသောစကား= ဖန်ရည်စွန်းသော ဆတ္တာသည်တို့၏ အဝတ်ကိုဝတ်၍ အညစ်အကြေးကို သုတ်သင်ပေးရသည့် ဤဇာတ်ညံ့သူ ဥပါလိသည် အဘယ့်ကြောင့် ငါတို့၏ တိုင်ပင်ချက်ကို ဖျက်ဆီးလေဘိသနည်း၊ (၅-မှတ်၊ မြန် စာ-၄၅၉)

လူမိန်းမတို့၏ အဆင်တန်ဆာ= ခေါင်းစွပ်တန်ဆာ၊ လည်ဆွဲတန်ဆာ၊ လက်ဝတ်တန်ဆာ၊ ခြေဝတ်တန်ဆာ၊ ခါးစည်းတန်ဆာ (၅-မှတ်၊ မြန် စာ -၅၁၇)

၁၀။ အောက်ပါတို့ကို ပါစိတ်ပါဠိတော်မှ ထုတ်နုတ်တင်ပြပါ။

(က) တိတ္ထိတို့ကို အဘယ်နည်းနဲ့မဆို အနိုင်ယူရမည်ဟု ပြောသော ရဟန်း၏ ဘွဲ့၊

(ခ) အရှင်အာနန္ဒာနှင့် အရှင်ဥပါလိတို့၏ ဥပဇ္ဈာယ်ဆရာတော်၊

(ဂ) မြတ်စွာဘုရားရှင်၏ ညီတော်ရဟန်း၏ ဘွဲ့၊

(ဃ) အတတ်ပညာသင်ကြားရာ၌ ဆရာတပည့်တို့ ထားရှိရမည့် စည်းကမ်း၊

(င) ဝိသာခါဥပါသိကာမ၏ မြေး၊

ဖြေ။ (က) တိတ္ထိတို့ကိုအဘယ်နည်းနဲ့မဆိုအနိုင်ယူရမည်ဟုပြောသောရဟန်းအမည်= အရှင်ဟတ္ထက(မြန်၁-၂)

(ခ) အရှင်အာနန္ဒာ ဥပဇ္ဈာယ်ဆရာတော်= အရှင်ဗေလဋ္ဌသီသ၊ (မြန် စာ ၁၃၂)

အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာတော်= အရှင်ကပ္ပိတက(မြန် စာ ၄၅၈)

(ဂ) မြတ်စွာဘုရားရှင်၏ ညီတော်ရဟန်း၏နာမည်တော်=အရှင်နန္ဒ(မြန် စာ ၂၅၂)

(ဃ) အတတ်ပညာသင်ကြားရာ၌ ဆရာတပည့်တို့ ထားရှိရမည့် စည်းကမ်း= ဆရာသည် ဒွန်းစဏ္ဍာလ်ပင် ဖြစ်စေကာမူ မြင့်သောနေရာ၌ နေထိုင်၍ပညာသင်ပေးရမည်၊ တပည့်သည် ပြည့်ရှင်မင်းပင်ဖြစ်စေကာမူ နိမ့်သောနေရာ၌ နေ၍ အတတ်ပညာသင်ယူရမည်။(မြန် စာ၃၀၃)

(င) ဝိသာခါဥပါသိကာမ၏ မြေး= သာဠှ ၊ (မြန် စာ ၃၁၁၊ ၂-မှတ်စီ ၁၀ -မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

## ပါစိတ် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်၊ (၂၂. ၆. ၂၀၁၆) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

မေး၁။ လောက၌ ဆဲရေးနည်း များစွာရှိရာတွင် ယုတ်သော ဆဲရေးနည်းတို့ကို ဩမသဝါဒသိက္ခာပုဒ်လာအတိုင်း ဖော်ပြ၍၊ သဟသေယျသိက္ခာပုဒ်လာ တရားဟောရာ ဇရပ်၌ ရဟန်းငယ်လေးများ၏ အိပ်ပျော်နေပုံ အခြင်းအရာတို့ကို ပေါ်လွင်အောင် ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ ယုတ်သောဆဲရေးခြင်း- သင်သည် ကုလားအုပ်ဖြစ်၏၊ သိုးဖြစ်၏၊ နွားဖြစ်၏။ မြည်းဖြစ်၏၊ တိရစ္ဆာန်ဖြစ်၏၊ ငရဲသူ ဖြစ်၏၊ သင့်အား ကောင်းသောလားရာဂတိမရှိ မကောင်းသောလားရာဂတိကိုသာလျှင် သင်အလိုရှိထိုက်၏ ဟူ၍၄င်း၊ ယအက္ခရာ, ဘအက္ခရာဖြင့်၄င်း, ယောက်ျားနိမိတ်ဖြင့်၄င်း, မိန်းမနိမိတ်ဖြင့်၄င်း ဆဲရေးခြင်းဖြစ်ပါသည်။ (၅-မှတ်)(မြန်-၁၂)

အိပ်ပျော်နေပုံ အခြင်းအရာ- ဥပါသကာတို့နှင့်အတူ သတိလွတ်ကင်းလျက် ပညာအဆင်အခြင်မရှိဘဲ အဝတ်ကိုယ်၌ မကပ်မူ၍ ယောင်ရမ်း မြည်တမ်းကာကျီးသံကဲ့သို့ဟောက်လျက်အိပ်ကုန်ပါသည်။ (၅-မှတ်) (မြန်-၃၀)

မေး၂။ ရဟန်းတော်များအနေဖြင့် ဓမ္မဒေသနာသိက္ခာပုဒ်အရ အာပတ်မသင့်အောင် တရားဟောကြားနည်းတို့ကို ရေးသား ဖော်ပြ၍၊ တောတောင်များ စိမ်းလန်းစိုပြေစေဖို့ မျိုးစေ့ပေါင်းများစွာ ရှိရာတွင် အညွန့်မျိုးစေ့ ဟူသည် အဘယ်နည်း? ဖြေဆိုပြခဲ့ပါ။

ဖြေ။ အာပတ်မသင့်အောင် တရားဟောကြားနည်း- သိကြား လိမ္မာသောသူ လူယောက်ျား အနားမှာရှိသည်ဖြစ်၍ တရားဟောခြင်း၊ ငါးခွန်း,ခြောက်ခွန်းသော စကားတို့ဖြင့် တရားဟောခြင်း၊ ငါးခွန်း,ခြောက်ခွန်းအောက်ယုတ်လျော့၍ တရားဟောခြင်း၊ ထပြီးတဖန်ထိုင်၍တရားဟောခြင်း၊ ထပြီး တဖန်ပြန်ထိုင်သော မာတုဂါမအား တရားဟောခြင်းတို့ ဖြစ်ပါသည်။(၅-မှတ်) (မြန်-၄၀)

အညွန့်မျိုးစေ့ဟူသည်- ကညို့ပင် ရုံးရှိုင်းပင်(တောရုံးဖြူပင်) ပန်းမပင်(ခေါင်ရမ်းကြီးပင်)တည်း၊ ထိုမှတပါး အညွန့်၌ပေါက်ကုန်သော အညွန့်ကို စိုက်၍ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့ဖြစ်ပါသသည်။ (၅-မှတ်) (မြန်-၅၇)

မေး၃။ ယခုခေတ် လူအများ ကျန်းမာရေးအတွက် ဖျာအမျိုးမျိုး သုံးစွဲနေကြရာ ပဌမသေနာသနသိက္ခာပုဒ်၌ ပြဆိုသော ဖျာအခင်းတို့ကို ရေတွက်ပြ၍၊ မြတ်စွာဘုရားကို လျှောက်ထားသော သာဝတ္ထိပြည် ရဟန်း မိန်းမများ၏ ဩဝါဒမပြည့်စုံရခြင်း၏ အကြောင်းကိုလည်း ဩဝါဒသိက္ခာပုဒ်လာအတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ ဖျာအခင်းတို့ကား- လျှော်ဖြင့်ပြုလုပ်သော ဖျာ၊ ပန်းရင်းဖြင့်ပြုလုပ်သော ဖျာ၊ ဖြူဆံမြက်ဖြင့်ပြုလုပ်သော ဖျာ၊ ပြိတ်မြက်ဖြင့်ပြုလုပ်သော ဖျာတို့ ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၆၆)

ဩဝါဒမပြည့်စုံရခြင်းအကြောင်း- အရှင်ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနည်းငယ်မျှသာဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မဂ်ဖိုလ်မှ ဗီလာဖြစ်သော စကားတို့ဖြင့် အချိန်ကို ကုန်လွန်စေ၍ လွတ်လိုက်သောကြောင့် ဖြစ်ပါသည် (၅-မှတ်)(မြန်-၈၁)

မေး၄။ ထုလ္လနန္ဒာရဟန်းမလေး ရှေးဦးစွာ ပြောကြားသော ရဟန်းငယ်လေးများထဲမှ နောက်ဆုံးငါးပါးကိုသာ ပရိပါစိတသိက္ခာပုဒ်မှ ထုတ်နုတ် ဖော်ပြ၍၊ အဘယ်ကို ဂဏဘောဇဉ်ဟု ခေါ်ပါသနည်း? ဖြေဆိုပြခဲ့ပါ။

ဖြေ။ နောက်ဆုံးငါးပါး- အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ။

(၅-မှတ်)(မြန်-၁၀၅)

အကြင်အရပ်၌ ရဟန်းလေးပါးတို့ကို ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်ဖြင့် ပင့်ဖိတ်သောကြောင့် သုံးဆောင်ကြသည်ကို ဂဏဘောဇဉ်ဟုခေါ်ပါသည်။ (၅-မှတ်)(မြန်-၁၀၆)

မေး၅။ အဘယ်မုန့်မျိုးကို မုန့်ကြော်, မုန့်ရှက်ဟု ခေါ်ပါသနည်း? ဖြေဆို၍၊ ဘောဇဉ်သရုပ်ကို ထုတ်ပြပြီး၊ ဥယျောဇနသိက္ခာပုဒ်လာ ရဟန်းကို ရွာနိဂုံးသို့ လွှတ်လိုက်ခြင်း၏ အကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ လက်ဆောင်အကျိုးငှာ စီရင်အပ်သော အလုံးစုံသော မုန့်မျိုးကို မုန့်ကြော်, မုန့်ရှက်ဟုခေါ်ပါသည်။

(၂-မှတ်)(မြန်-၁၂၄)

ဘောဇဉ်သရုပ်- ထမင်း, မုယောမုန့်, မုန့်လုံး, ငါး, စမဲဟင်းလျာ(အသား)။ (၃-မှတ်)(မြန်-၁၃၃)

လွှတ်လိုက်ခြင်းအကြောင်း- မာတုဂါမနှင့်အတူ ရယ်ရွှင်လိုခြင်း၊ မြူးထူးလိုခြင်း၊ ဆိတ်ကွယ်ရာ၌နေလိုခြင်း၊ မကျင့်အပ်သောအကျင့်ကို ကျင့်လိုခြင်းတို့ကြောင့် ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၁၄၂)

မေး၆။ ပုဂ္ဂိုလ်၌ မရှိသေပုံကို အပြစ်နှင့်တကွ မှန်ကန်စွာ ဖော်ပြ၍၊ သည်းခံခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပါသော်လည်း အသက်(၂၀)မပြည့်သေးကြသော ပုဂ္ဂိုလ်တို့အနေဖြင့် သည်းမခံနိုင်သေးသော အရာတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ ပုဂ္ဂိုလ်၌မရှိသေပုံ အပြစ်နှင့်တကွ- ရဟန်းတစ်ပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည်ရှိသော် ဤရဟန်းသည် နှင်ထုက်အပ်သူတည်း၊ ရှုတ်ချအပ်သူတည်း၊ ကဲ့ရဲ့အပ်သူတည်း၊ ဤရဟန်း၏စကားကို လိုက်နာသင့်သည်မဟုတ်ဟု မရိုသေခြင်းကို ပြုအံ့ ပါစိတ်အာပတ်သင့်၏ဟု ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၁၆၉)

သည်းမခံနိုင်သေးသောအရာတို့ကား - အချမ်းအပူ, ဆာလောင်ခြင်း, မွတ်သိပ်ခြင်း, မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့ မကောင်းသဖြင့်ဆိုအပ်၊ မကောင်းသဖြင့်ရောက်လာသောစကား၊ ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော ဆင်းရဲဝေဒနာတို့ ဖြစ်ပါသည်။

(၅-မှတ်) (မြန်-၁၉၁)

မေး၇။ 'လာဘ်လာဘ ပေါများလိုက်တာ'ဟု ပြောဆိုနေကြရာ၌ လာဘ်အမည်ရသောပစ္စည်းတို့ကို ဒုဗ္ဗလသိက္ခာပုဒ်အရ ထုတ်ဖော်ပြ၍၊ နေလွဲအခါ၌ ရွာတွင်းဝင်သော ရဟန်းအား အာပတ်သင့်ပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ လာဘ်အမည်ရသော ပစ္စည်းတို့ကား- သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ လူနာ၏အထောက်အပံ့ ဆေးအသုံး အဆောင် အယုတ်အားဖြင့် အမှုန့်ခဲ ဆပ်ပြာခဲ ဒန်ပူ မြိတ်ဆာချည်မျှင်တို့ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၂၂၈)

အာပတ်သင့်ပုံ-နေ့လွဲသောအခါ၌ နေလွဲသောအခါဟု အမှတ်ရှိသည်ဖြစ်၍ ထိုသို့သဘောရှိသော အဆောတလျှင်ပြုအပ်သော ကိစ္စကိုဖယ်ထား၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ ဝင်အံ့ ပါစိတ်အာပတ်သင့်၏၊

နေ့လွဲသောအခါ၌ ယုံမှားရှိသည်ဖြစ်၍ ထိုသို့သဘောရှိသော အဆောတလျှင်ပြုအပ်သောကိစ္စကို ဖယ်ထား၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ဝင်အံ့ ပါစိတ်အာပတ်သင့်၏၊

နေလွဲသောအခါ၌ နံနက်အခါဟု အမှတ်ရှိသည်ဖြစ်၍ ထိုသို့သဘောရှိသော အဆောတလျှင်ပြုအပ်သော ကိစ္စကို ဖယ်ထား၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ ဝင်အံ့ ပါစိတ်အာပတ်သင့်၏၊

နံနက်အခါ၌ နေလွဲသောအခါဟု အမှတ်ရှိအံ့ ဒုက္ကဋ်အာပတ်သင့်၏၊

နံနက်အခါ၌ ယုံမှားရှိအံ့ ဒုက္ကဋ်အာပတ်သင့်၏၊ (၅-မှတ်) (မြန်-၂၄၂)

မေး၈။ စတုတ္ထပါဋိဒေသနီယသိက္ခာပုဒ် ပညတ်တော်မူရာဌာနကို မှန်ကန်စွာ ဖော်ပြ၍၊ 'မနာမဖျား ထီးကိုင်ထား သူအား တရားမဟောရ'ဟု မြတ်စွာဘုရား ပညတ်တော်မူထားရာ၌ ထီးသရုပ်နှင့် တရားသရုပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ။ ပညတ်တော်မူရာဌာန- သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၊ (၄-မှတ်) (မြန်-၂၆၃)

ထီးအရ- ဝါးခြမ်းစိတ်တို့ဖြင့် ဝန်းဝိုင်းစွာ ခရိုင်ဖွဲ့ထားသော ထီးဖြူ ဖျာထီး၊ သစ်ရွက်ထီး။ (၃-မှတ်) (မြန်-၂၉၇)

တရားအရ- ဘုရားဟောတရား, သာဝကဟောတရား, ရသေ့ဟောတရား, နတ်ဟောတရား, အဋ္ဌကထာနှင့် စပ်သော တရား , ပါဠိတော်နှင့် စပ်သော တရား၊ (၃-မှတ်) (မြန်-၂၉၇)

မေး၉။ ဝိနည်းပညတ်ကြောင်း အကျိုးထူး(၁၀)ပါးတို့တွင် နောက်ဆုံးငါးပါးကိုသာ ရေတွက်ပြ၍၊ လူတို့နှင့် ရောနှောကာ နေရာ၌ ရောနှောပုံနှင့် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပုံတို့ကိုလည်း ဒွါဒသမသံဃာဒိသေသ် အဖွင့်အရ ဖော်ပြခဲ့ပါ။

ဖြေ။ နောက်ဆုံးငါးမျိုး- နောက်ဖြစ်လတ္တံ့သော ဆင်းရဲအထူးတို့ကို ပယ်ရှားခြင်း၊ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်း၊ သူတော်ကောင်းတရား သာသနာသုံးရပ် တည်တံ့စေခြင်း၊ ဝိနည်းစည်းမျဉ်းဥပဒေကို ချီးမြှောက်ခြင်း။ (၆-မှတ်)(မြန်-၃၁၄)

ရောနှောပုံ- ရဟန်းတို့အား မလျောက်ပတ်သော ကိုယ်မှု နှုတ်မှုဖြင့် ရောနှောခြင်း ဖြစ်ပါသည်။
(၂-မှတ်)(မြန်-၃၅၀)

ဘိက္ခုနီသံဃာအားညှဉ်းဆဲပုံ- အချင်းချင်း ကံကိုပြုသည်ရှိသော် တားမြစ် ကန့်ကွက်ကုန်ခြင်း ဖြစ်ပါသည်၊
(၂-မှတ်) (မြန်-၃၅၁)

မေး၁၀။ သာဝတ္ထိပြည်က အမျိုးကို ဝန်တိုသော ဘိက္ခုနီမအား ပါစိတ်အာပတ် (၂)ချက် သင့်ပုံကို ရေး၍၊ အောက်ပါ အာပတ်တို့၌ သိက္ခာပုဒ်ပေါင်း မည်မျှစီ ရှိကြပါသနည်း? သချာမျှ ဖော်ပြခဲ့ပါ။
(က) သံဃာဒိသေသ်၊ (ခ) သုဒ္ဓပါစိတ်၊ (ဂ) ပါဋိဒေသနီ။

ဖြေ။ ပါစိတ် ၂-ချက်သင့်ပုံ- အဘယ်သို့လျှင် အခြားဘိက္ခုနီမတို့သည် မလာကုန်ရာအံ့နည်းဟု ကြံစည်၍ ဘိက္ခုနီမတို့၏ အထံ၌ ဒါယကာ၏ ဂုဏ်မဲ့ကို ပြောဆိုအံ့ ပါစိတ်အာပတ်သင့်၏၊ ဒါယကာထံ၌လည်း ဘိက္ခုနီမတို့၏ ဂုဏ်မဲ့ကို ပြောဆိုအံ့ ပါစိတ်အာပတ်သင့်၏။ (၄-မှတ်) (မြန်-၄၆၄)

(က) ၁၇-ပါး၊ (ခ) ၁၆၆-ပါး၊ (ဂ) ၈-ပါး၊ (၂-မှတ်စီ ၆-မှတ်) (မြန်-၅၃၅)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါစိတ် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၁၃. ၆. ၂၀၁၇) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••••••••••

**၁-မေး။** ပုထုဇဉ်တို့၏ ပြောဆိုမှုတို့တွင် ရှေ့ ၃-မျိုးကိုသာ ဖော်ပြ၍၊ အရှင်အနုရုဒ္ဓါထံမှ တရားနာယူရသော တည်းခိုခန်းပိုင်ရှင် အမျိုးသမီး၏ အရှင်အနုရုဒ္ဓါအား လျှောက်ထားသော စကားတို့ကိုလည်း ရေးခဲ့ပါ။

**ဖြေ။** ပုထုဇဉ်တိုင်း ပြောဆိုမှု ရှေ့ (၃) ခု

(၁) မမြင်သည်ကို ငါမြင်၏ဟု ပြောဆိုခြင်း (၁-မှတ်)

(၂) မကြားသည်ကို ငါကြား၏ဟု ပြောဆိုခြင်း (၁-မှတ်)

(၃) မတွေ့သည်ကို ငါတွေ့၏ဟု ပြောဆိုခြင်း (၁-မှတ်) **(ပါစိတ်မြန်မာပြန် စာ-၂)**

အရှင်အနုရုဒ္ဓါအား လျှောက်ထားပုံ

အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အရှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့လည်းကောင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း၊ ဤအတူသာလျှင် အရှင်အနုရုဒ္ဓါသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

(၄-မှတ်)

အရှင်ဘုရား ထိုတပည့်တော်မသည် ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍. ဆည်းကပ်ပါ၏ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

အရှင်ဘုရား တပည့်တော်မကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသိကာမဟူ၍ မှတ်တော်မူပါ။ (၃-မှတ်) (မြန်မာပြန်-စာ-၃၅)

•••••••••••••••••••••••••••••••••••••••••••

၂-မေး။ ဆိတ်ငြိမ်ရာကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်းဟုဆိုရာ အဘယ်တရားတို့ဖြင့် မွေ့လျော်ရမည်ကို ဖြေဆို၍၊ ရဟန်းတော်များ မဖျက်ဆီးကောင်းသော မျိုးစေ့တို့တွင် ပင်စည်မျိုးစေ့ကိုသာ ဖော်ပြပါ။

ဖြေ။ ပဌမစျာန်ဖြင့် မွေ့လျော်ရမည်။

ဒုတိယစျာန်ဖြင့် မွေ့လျော်ရမည်။

တတိယစျာန်ဖြင့် မွေ့လျော်ရမည်။

စတုတ္ထစျာန်ဖြင့် မွေ့လျော်ရမည်။ (မြန်မာပြန်-၄၄) (၄-မှတ်)

**ပင်စည်မျိုးစေ့ မည်သည်**

ညောင်ဗုဒ္ဓဟောပင် ပညောင်ပင် ညောင်ကြွတ်ပင် သဖန်းပင် ခဘောင်းပင် ညောင်ချဉ်ပင်တို့တည်း။

ထိုမှတစ်ပါး ပင်စည်အကိုင်းအခက်၌ ဖြစ်ကြကုန်သော အကိုင်းအခက်ကို စိုက်၍ ကောင်းစွာ ပေါက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤအလုံးစုံသည် ပင်စည်မျိုးစေ့မည်၏။

(မြန်မာစာ-၅၇)(၆-မှတ်)

•••••••••••••••••••••••••••••••••••••••••

၃-မေး။ အာကာတခွင် မိုးကောင်းကင်ပေါ်၌ အရှင်စူဠပန္ထက ပြသော တန်ခိုးအမျိုးမျိုးတို့ကို ရင်သပ်ရှုမောဘွယ် ကောင်းလောက်အောင် တင်ပြ၍၊ ဂဏဘောဇဉ်၏ အဓိပ္ပာယ်နှင့် အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာ၊ ထိုဆရာနေသော အရပ်ဒေသကိုလည်း ဖော်ပြပါ။

ဖြေ။ အရှင်စူဠပန္ထကသည် ကောင်းကင်သို့ပျံတက်၍ ကောင်းကင်၌ စင်္ကြံလည်းသွား၏၊ ရပ်လည်းရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်းအိပ်၏၊ အခိုးလည်းလွှတ်၏၊ အလျှံလည်း လွှတ်၏၊ အကြား၌လည်း ကွယ်၏၊ ထိုဥဒါန်းကိုလည်း ရွတ်ဆို၏၊ တပါးသော ဘုရားစကားတော်များစွာကိုလည်း ရွတ်ဆို၏။

(မြန်-၈၈)(၅-မှတ်)

ဂဏဘောဇဉ်မည်သည် အကြင်အရပ်၌ ရဟန်းလေးပါးတို့ကို ဘောဇဉ် ၅-ပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်ဖြင့် ပင့်ဖိတ်သောကြောင့် သုံးဆောင်ကုန်၏ ဤသည်လျှင် ဂဏဘောဇဉ်မည်၏။

(မြန်-၁၁၆) (၃-မှတ်)

**အရှင်အာနန္ဒ၏ဥပဇ္ဈာယ်ဆရာ-** အရှင်ဗေလဋ္ဌသီသ **(၁-မှတ်)**

နေရပ်ဒေသ- တောအရပ် **(၁-မှတ်)** (မြန်-၁၃၂)

၄-မေး။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်လာ ဖုံးလွှမ်းသောနေရာဟူသည် မည်သည့်အရာတို့ဖြင့် ဖုံးလွှမ်းသည်ကို ဆိုလိုသနည်း ဖြေဆို၍၊ ဥယျောဇ္ဇသေနာသိက္ခာပုဒ်လာ စစ်တပ်တို့ကို စစ်သည်အရေအတွက်နှင့်တကွ ခွဲခြားဖော်ပြပါ။

ဖြေ။ ဖုံးလွှမ်းသောနေရာဟူသည် နံရံဖြင့်သော်လည်းကောင်း တံခါးရွက်ဖြင့်သော်လည်းကောင်း ဖျာဖြင့်သော်လည်းကောင်း၊ တင်းတိမ်ကန့်လန့်ကာဖြင့်သော်လည်းကောင်း၊ သစ်ပင်ဖြင့်သော်လည်းကောင်း၊ တိုင်ဖြင့်သော်လည်းကောင်း ရိုင်ဖြင့်သော်လည်းကောင်း၊ အမှတ်မရှိတစ်ခုခုသော ဝတ္ထုဖြင့်သော်လည်းကောင်း ဖုံးလွှမ်းသည်ကို ဆိုလိုပါသည်။

(မြန်-၁၄၆) (၅-မှတ်)

**စစ်တပ်မည်သည်**

ဆင် မြင်း ရထား ခြေသည်သူရဲ

ယောကျ်ား ၁၂-ယောက်ရှိသော ဆင်သည် ဆင်တပ်မည်၏။

ယောကျ်ား ၃-ယောက်ရှိသော မြင်းသည် မြင်းတပ်မည်၏။

ယောကျ်ား ၄-ယောက်ရှိသော ရထားသည် ရထားတပ်မည်၏။

မြားလက်၌ စွဲသော ယောကျ်ား ၄-ယောက်တို့သည် ခြေသည်သူရဲမည်၏။

(မြန်-၁၅၈)(၅-မှတ်)

---

၅-မေး။ အစိရဝတီမြစ်၌ ရေကစားနေကြသော သတ္တရသဝဂ္ဂီရဟန်းတို့ကို မြင်၍ မလ္လိကာမိဖုရား၏ ရှုမြင်သုံးသပ်ပုံနှင့် ပသေနဒီကောသလမင်း၏ အကြံဖြစ်ပုံတို့ကို ရေး၍၊ တရားတော်၌ မရိုသေပုံကို လည်း ပြည့်စုံစွာ ဖြေဆိုပါ။

ဖြေ။ **မလ္လိကာမိဘုရား၏ ရှုမြင်သုံးသပ်ပုံ**

စင်စစ် မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို မပညတ်ရသေး၍သော်လည်း ဖြစ်ရာ၏။ ထိုရဟန်း တို့က သိက္ခာပုဒ်တော်ကို မသိသေး၍သော်လည်း ဖြစ်ကုန်ရာ၏။ (မြန်-၁၆၇)(၃-မှတ်)

**ပသေနဒီကောသလမင်းအကြံ**

ငါကလည်း မြတ်စွာဘုရားအား မလျှောက်ထားဘဲ မြတ်စွာဘုရားကလည်း ဤရဟန်းတို့သည် ရေ၌ ကစားကုန်၏-ဟု အဘယ်နည်းဖြင့် သိတော်မူရာအံ့နည်းဟု အကြံဖြစ်၏။ (မြန်-၁၆၇)(၃-မှတ်)

**တရားတော်၌ မရိုသေခြင်းမည်သည်**

ရဟန်းတစ်ပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည်ရှိသော် ဤတရားသည် အဘယ်သို့လျှင် ပျောက်မူလည်း ပျောက်ရာအံ့နည်း၊ ပျက်စီးမူလည်း ပျက်စီးရာအံ့နည်း၊ ကွယ်မူလည်း ကွယ်ရာအံ့နည်း ဟုသော်လည်းကောင်း ထိုပညတ်တော်ကို မကျင့်လို၍သော်လည်းကောင်း မရိုသေခြင်းကို ပြုခြင်းသည် တရား၌တော် မရိုသေခြင်းမည်၏။ (မြန်-၁၆၉)(၄-မှတ်)

၆-မေး။ အရိဋ္ဌရဟန်းအား မိစ္ဆာအယူဖြစ်ပေါ်လာပုံကိုရေး၍၊ လောက၌ အတူသုံးဆောင်ခြင်း အမျိုးမျိုးရှိကြရာ ကဏ္ဍကသိက္ခာပုဒ်၌ ဖွင့်ဆိုသော အတူသုံးဆောင်ခြင်းတို့ကို အာပတ်သင့်ပုံနှင့်တကွ ခွဲခြားဖြေဆိုပါ။

ဖြေ။ **အရိဋ္ဌရဟန်းအား မိစ္ဆာအယူဖြစ်ပုံ**

(ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏။

ထိုတရားတို့သည် မှီဝဲသော သူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်ဟု ယုတ်မာသော မိစ္ဆာအယူဖြစ်၏။ (မြန်-၁၉၆)(၄-မှတ်)

**အတူသုံးဆောင်ခြင်းမည်သည်**

ပစ္စည်းအတူ သုံးဆောင်ခြင်း အာမိသသမ္ဘောဂ

တရားအတူ သုံးဆောင်ခြင်း ဓမ္မသမ္ဘောဂ (၂-မှတ်)

**ထိုတွင် အာမိသ သမ္ဘောဂ-ဟူသည်**

ဆွမ်းစသော အာမိသကို ပေးမူလည်း ပေးအံ့၊ ယူမူလည်း ယူအံ့ ပါစိတ်အာပတ် သင့်၏။

**ဓမ္မသမ္ဘောဂ-ဟူသည်**

မိမိကိုယ်တိုင် သင်မူလည်း သင်ခြင်း၊ သင်စေမူလည်း သင်စေခြင်းတည်း။

ထိုတွင် ပုဒ်အားဖြင့် သင်မူလည်း သင်အံ့၊ သင်စေမူလည်း သင်စေအံ့ ---

ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ်သင့်၏။

အက္ခရာအားဖြင့် သင်မူလည်း သင့်အံ့၊ သင်စေမူလည်း သင်စေအံ့။

အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ်သင့်၏။ (မြန်-၂၀၇)(၄-မှတ်)

၇-မေး။ မင်းနန်းတော်သို့ဝင်ခြင်း၌ အပြစ် ၁၀-မျိုးရှိရာတွင် ရှေ့ဆုံးအပြစ်နှင့် နောက်ဆုံးအပြစ်တို့ကိုသာ ဖော်ပြ၍၊ ဦးရစ်ပေါင်းသူနှင့် ဦးခေါင်းခြုံထားသူတို့၏ ထူးခြားပုံကိုလည်း ဖြေဆိုပါ။

ဖြေ။ **ရှေ့ဆုံး အပြစ်**

မင်းနှင့် မိဘုရား အတူနေရာသို့ ရဟန်းဝင်သွားသောအခါ မိဖုရားကသော်လည်း ရဟန်းကို မြင်၍ ပြုံးရယ်မိ တတ်၏၊ ရဟန်းကသော်လည်း မိဖုရားကို မြင်၍ ပြုံးရယ်မိတတ်၏။ ထိုသို့ပြုံးရယ်မိရာ၌ မင်းကြီးအား ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီးသော်လည်းကောင်း၊ လွန်ကျူးလတ္တံ့သော် လည်းကောင်း မချွတ်ဖြစ်ရာ၏ဟု အထင်မှားခြင်း ခံရတတ်သည်။ (မြန်-၂၃၃)(၃-မှတ်)

**နောက်ဆုံးအပြစ်**

မင်း၏နန်းတော်သည် ဆင် မြင်း ရထားတို့ဖြင့် ကျဉ်းမြောင်း ကြပ်တည်း၏၊ တပ်နှစ်သက်ဖွယ် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့လည်း ရှိကုန်၏၊ ထိုအာရုံတို့သည် ရဟန်းတို့အား မလျော်ကပ် ကုန်။ (အပြစ်တို့သာ ဖြစ်ကုန်၏။) (မြန်-၂၃၄)(၃-မှတ်)

ဦးရစ်ပေါင်းသူမည်သည် ဆံစကို မမြင်စေမူ၍ (ဦးခေါင်းကို) ရစ်ပတ်ထားသူတည်း။ (မြန်-၃၀၁)(၂-မှတ်)

ဦးခေါင်းခြုံသူသည် ခေါင်းနှင့်တကွ ခြုံထားသူတည်း၊ ဤသို့ ထူးသည်။ (မြန်-၃၀၁)(၂-မှတ်)

၈-မေး။ ဘိက္ခုနီတစ်ပါးတည်း မြစ်တစ်ဖက်ကမ်းကူးရာ၌ မြစ်မည်ပုံနှင့် အာပတ်သင့်ပုံကို ရေးပြ၍၊ ဘိက္ခုနီနှင့်အတူ သက်န်းကိုလဲလှယ်၍-ဟု ဆိုရာ သက်န်းမည်ပုံနှင့် လဲလှယ်နည်းတို့ကို ပတ္တဝဂ် တတိယသိက္ခာပုဒ် အဖွင့်အရ ဖြေဆိုပါ။

ဖြေ။ **မြစ်မည်ပုံ**

အဝန်းသုံးပါးညီစွာ ဖုံးလွှမ်း၍ တစ်နေရာမှ ကူးသော ဘိက္ခုနီ၏ ကိုယ်ဝတ်သင်းပိုင်သည် ရေစွတ်၏ ဤအရာသည် မြစ်မည်၏။ (မြန်-၃၃၆)(၂-မှတ်)

ဘိက္ခုနီတစ်ပါးသည် မြစ်တစ်ဖက်ကူးရာ၌ ပထမခြေတစ်ဖက်ဖြင့် ကူးသော ဘိက္ခုနီမအား ထုလ္လစ္စဉ်း အာပတ်သင့်၏။ (၂-မှတ်)

ဒုတိယခြေတစ်ဖက်ဖြင့် ကူးသော ဘိက္ခုနီမအား သံဃာဒိသေသ် အာပတ်သင့်၏။

(မြန်-၃၃၆)(၂-မှတ်)

**သင်္ကန်းမည်သည်**

သင်္ကန်း (၆)ထည်တို့တွင် အငယ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော သင်္ကန်းတစ်မျိုးမျိုးတည်း။

(၂-မှတ်)

**လဲလှယ်နည်း**

သင်္ကန်းအနည်းငယ်ဖြင့် သင်္ကန်းအများကိုလည်းကောင်း သင်္ကန်းအများဖြင့် သင်္ကန်းအနည်းကို လည်းကောင်း လဲလှယ်ရမည်။ (မြန်-၃၆၄)(၂-မှတ်)

၉-မေး။ ထုလ္လနန္ဒာ ဘိက္ခုနီသည် မည်သည့်ပုဂ္ဂိုလ်တို့အား မည်သို့ပြောဆို၍ ရဟန်း (အသုံးအဆောင်) သင်္ကန်းကို ပေးသနည်း ဖြေဆို၍၊ အဘယ်ကထိန်နုတ်ခြင်းမျိုးကို တရားနှင့်လျော်သော ကထိန်နုတ်ခြင်းဟု ခေါ်ဆိုသည်ကိုလည်း ဖြေဆိုပါ။

ဖြေ။ **ထုလ္လနန္ဒာဘိက္ခုနီသည်** ကခိုင်းတတ်သူ ကိုယ်တိုင်ကတတ်သူ ကြိုးတန်းလမ်းလျှောက်သမား (ကျွမ်းသမား) မျက်လှည့်သမား၊ အိုးစည်သမားတို့အား ပရိသတ်အလယ်၌ ငါ၏ ဂုဏ်ကို ချီးကျူးပြောဆို ကြပါဟု ပြောဆို၍ ရဟန်း (အသုံးဆောင်) သင်္ကန်းကိုပေး၏။

(မြန်-၄၂၃)(၃-မှတ်)

...ာ်သော ဘိက္ခုနီသံဃာသည် စည်းဝေး၍ ကထိန်နုတ်ခြင်းမျိုးကို တရားနှင့် လျော်သော ...ထိန်နုတ်ခြင်းဟု ခေါ်ပါသည်။ (မြန်-၄၂၇)(၃-မှတ်)

၁၀-မေး။ စက္ခုကာဠီဘိက္ခုနီ၏ အများနှင့်မတူ တမူထူးခြားသော အကျင့်တို့ကို ဖော်ပြ၍၊ မိန်းမတို့၏ အဆင်တန်ဆာ အမျိုးမျိုးရှိရာတွင် မည်သည့်အဆင်တန်ဆာတို့ကို အကြိမ်မည်မျှ ဆောင်ယူသော ဘိက္ခုနီမအား ပါစိတ်အာပတ်သင့်သနည်း ဖြေဆိုပါ။

ဖြေ။ **စက္ခုကာဠီ၏ ထူးခြားသော အကျင့်**

ယောက်ျားကြီးတို့နှင့် ရောနှောခြင်း၊ ယောက်ျားငယ် (လုလင်ပျို)တို့နှင့် ရောနှောခြင်း၊ ကြမ်းတမ်းခြင်း (သောကဟူသော နေရာရှိခြင်း) ယောက်ျားတို့အတွင်း သောကကို သွင်းတတ်ခြင်းတို့ ဖြစ်ပါသည်။

(မြန်-၅၀၅)(၄-မှတ်)

**မိန်းမတို့၏ အဆင်တန်ဆာ အမျိုးမျိုးရှိရာတွင်**

ခေါင်းစွပ်တန်ဆာ (ဦးခေါင်းသို့ ကပ်ရောက်သော တန်ဆာ)

လည်ဆွဲတန်ဆာ (လည်သို့ ကပ်ရောက်သော တန်ဆာ)

လက်ဝတ်တန်ဆာ (လက်သို့ ကပ်ရောက်သော တန်ဆာ)

ခြေဝတ်တန်ဆာ (ခြေသို့ ကပ်ရောက်သော တန်ဆာ)

ခါးစည်းတန်ဆာ (ခါးသို့ ကပ်ရောက်သော တန်ဆာ)တို့ကို တစ်ကြိမ်မျှ ဆောင်သော ဘိက္ခုနီအား ပါစိတ်အာပတ်သင့်သည်။ (မြန်-၅၁၇)(၆-မှတ်)

# အုပ်စု (၁) ဝိနယပိဋက

## ပါစိတ် ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၁၉. ၆. ၂၀၁၈) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ လောကအတတ်ပညာတို့တွင် ယုတ်ညံ့သောအတတ်ပညာတို့ကို ဖော်ပြ၍၊ ပဒသော ဓမ္မံ သိက္ခာပုဒ်၌ ပါဝင်သောတရားအမျိုးအစားတို့တွင် ရှေ့ (၄) မျိုးကိုသာ အစဉ်မပျက် ဖြေဆိုပါ။

၁။ အဖြေ==

ယုတ်ညံ့သောအတတ်--

၁။ ကျူထရံသည်အတတ်

၂။ အိုးထိန်းသည်အတတ်

၃။ ရက်ကန်းသည်အတတ်

၄။ သားရေနယ်အတတ်

၅။ ဆတ္တာသည်အတတ်

၆။ ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် သိအပ်သော မထီမဲ့မြင်ပြုအပ်သော စက်ဆုပ်အပ်သော နှိပ်စက်အပ်သော အရှိအသေပြုအပ်သော အတတ်။ (ပြန်-၁၁) (၆-မှတ်)

တရားအမျိုးအစား

၁။ ဘုရားဟောတရား

၂။ သာဝကဟောတရား

၃။ ရသေ့ဟောတရား

၄။ နတ်ဟောတရား (ပြန်-၃၀) (၄-မှတ်)

၂။ နတ်သမီးတစ်ပါးအား မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သောစကားတို့ကို ဘူတဂါမသိက္ခာပုဒ်လာ အတိုင်း ဖြေဆို၍၊ ကဲ့ရဲ့စေသောရဟန်း၏ ရည်ရွယ်ချက်(၃) မျိုးကိုလည်းကောင်း၊ ဆွေမျိုးမတော်သော ရဟန်းမအား မပေးကောင်းသော သင်္ကန်းကိုလည်းကောင်း ဖြေဆိုပါ။

၂။ အဖြေ==

မြတ်စွာဘုရား မိန့်ကြားတော်မူသောစကား--

နတ်သမီး ကောင်းပေစွ ကောင်းပေစွ၊ နတ်သမီး သင်သည် ထိုရဟန်းကို မသတ်ဖြတ်ခြင်းသည် ကောင်းမွန်လှပေစွ၊ နတ်သမီး သင်သည် ထိုရဟန်းကို အကယ်၍ သတ်ဖြတ်မိပါမူ သင့်အား မကောင်းမှု တိုးပွားလေရာ၏၊ နတ်သမီး သင်သွားချေလော့၊ ဤမည်သော အရပ်၌ရှိသော သစ်ပင်သည် အုပ်စိုးသူနတ်မှ ကင်းဆိတ်၏၊ ထိုသစ်ပင်ကို စွဲမှီ၍ နေလေလော့.- ဟု မိန့်တော်မူ၏ (ပြန်-၅၆)

(၅-မှတ်)

ရည်ရွယ်ချက်(၃)မျိုး--

၁။ ကျေးရူးမဲ့ပြုလိုခြင်း ၂။ အကျော်အစောမဲ့ပြုလိုခြင်း ၃။ မျက်နှာမသာမယာမှုကို ပြုလိုခြင်း။ (ပြန်-၆၄) (၃-မှတ်)

မပေးကောင်းသောသင်္ကန်း--

သင်္ကန်း(၆)တည်တို့တွင် နောက်ဆုံးဝိကပ္ပနာပြုလောက်သော တစ်ထည်ထည်သောသင်္ကန်း(ပြန်-၉၆) (၂-မှတ်)

၃။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးတစ်ယောက် ဆွမ်းစားပင့်ပုံနှင့် ထိုဆွမ်းကို မြတ်စွာဘုရား အဘယ်ကဲ့သို့ ခံယူပါ သနည်း? ဖြေဆို၍၊ ဘောဇနဝဂ် ရှေ့ဆုံးသိက္ခာပုဒ် (၃) ပုဒ်လာ "နာဖျားသူ"၏ အဓိပ္ပါယ် တို့ကို လည်း ဖြေဆိုပါ။

၃။ အဖြေ==

ဆွမ်းစားပင့်ပုံ--

အရှင်ဂေါတမသည်လည်း ရဟန်းဖြစ်၏၊ အကျွန်ုပ်သည်လည်း ရဟန်းဖြစ်၏၊ ရဟန်းသည် ရဟန်း၏ ဆွမ်းကို ခံယူခြင်းငှာ ထိုက်၏၊ အရှင်ဂေါတမသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါလော-ဟု လျှောက်၍ ပင့်ပါသည်။

(၃-မှတ်)

ထိုဆွမ်းကို မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူပါသည်။ (ပြန်-၁၁၅) . (၁-မှတ်)

နာဖျားသူ၏ အဓိပ္ပါယ်--

အာဝသထပိဏ္ဍသိက္ခာပုဒ် = လာလာသမျှ ညည့်သည်တို့ တည်းခိုရန် ဇရပ်မှ ဖဲသွားခြင်းငှာ မစွမ်းနိုင်သော ရဟန်း။

(၂-မှတ်)

ဂဏဘောဇနသိက္ခာပုဒ်= အယုတ်ဆုံးအားဖြင့် ခြေတို့သော်လည်း ကွဲပြဲကုန်သောရဟန်း။ (၂-မှတ်)

ပရံပရဘောဇနသိက္ခာပုဒ်= နေရာတစ်ခုတည်း၌ နေလျက် အလိုရှိတိုင်း သုံးဆောင်စားသောက်ခြင်းငှာ မစွမ်းနိုင်သောရဟန်း (ပြန်-၁၁၁/၁၁၆/၁၂၁)

(၂-မှတ်)

၄။ အရှင်သာဂတ တန်ခိုးပြခဲ့ရာနေရာဌာနကို ဖြေဆို၍၊ လူကိုဖျက်သော အရက် (၅) မျိုးကိုလည်း အစဉ်တကျ ဖြေဆိုပါ။

၄။ အဖြေ==

တန်ခိုးပြခဲ့ရာ နေရာဌာန--

စေတိယတိုင်း၊ ဘဒ္ဒဝတိကာရွာ၊ သရက်ပင်ဆိပ်၊ ရသေ့၏ကျောင်းသခ်န်း၊ မီးတင်းကုတ် (ပြန်-၁၆၂/၁၆၃)(၁-မှတ်စီ-၅-မှတ်)

အရက်(၅)မျိုး--

၁။ အပွင့်ဖြင့်ပြုသောအရက် ၂။ အသီးဖြင့်-- ၃။ ပျားရည်ဖြင့်-- ၄။ ထန်းလျက်တင်လဲဖြင့်-- ၅။ အထူးထူးသော အရာဝတ္ထု တို့နှင့် ယှဉ်စေ၍ ပြုသောအရက် (ပြန်-၁၆၄) (၅-မှတ်)

၅။ သဒ္ဓါတရားထက်သန်စွာဖြင့် သိက္ခာပုဒ်တော်တို့ကို ဖြည့်ကျင့်လိုသော ရဟန်းတော်တို့ လိုက်နာရမည့် နည်းလမ်း (၃) သွယ်ကို ဖြေဆို၍၊ သူစိယရသိက္ခာပုဒ်၌ ရဟန်းတို့ ကဲ့ရဲ့ခံရပုံကိုလည်းကောင်း၊ နိသီဒိုင်အဆာအမြိတ်ခွင့်ပြုရခြင်း အကြောင်းဝတ္ထုကိုလည်းကောင်း ဖြေဆိုပါ။

၅။ အဖြေ==

နည်းလမ်းသုံးသွယ်--

၁။ သိအောင်ပြုရမည် ၂။ အဖန်တလဲလဲမေးမြန်းရမည် ၃။ စုံစမ်းဆင်ခြင်ရမည် (ပြန်-၂၇၉) (၃-မှတ်)

ရဟန်းတို့ ကဲ့ရဲ့ခံရပုံ--

အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြဘဲ များစွာသော အပ်ကျည်တို့ကို တောင်းကုန်ဘိသနည်း၊ ဤဆင်စွယ်ပန်းပုသမားသည် ဤရဟန်းတို့၏အကျိုးငှာ များစွာသော အပ်ကျည်တို့ကို ပြုလုပ်နေရ၍ အခြားအရောင်းအဝယ်ဆိုင်ရာ ဘဏ္ဍာကို ပြုလုပ်ခြင်းငှာ မတတ်နိုင်ပေ၊ မိမိကိုယ်တိုင်လည်း မမျှတ၊ ထိုသူ၏ သားမယားတို့သည်လည်း ပင်ပန်းကြကုန်၏။ (ပြန်-၂၄၃) (၃-မှတ်)

နိသီဒိုင်အဆာအမြိတ် ခွင့်ပြုရခြင်းအကြောင်း--

အရှင်ဥဒါယီသည် ကြီးသောကိုယ်ကာယရှိ၏၊ ထိုဥဒါယီသည် မြတ်စွာဘုရား၏ ရှေ့မှ နိသီဒိုင်ကို ခင်း၍ ထက်ဝန်းကျင်မှ ဆွဲဖြန့်လျက် ထိုင်၏၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်ဥဒါယီကို ``ဥဒါယီ သင်သည် အဘယ့်ကြောင့် နိသီဒိုင်ကို ထက်ဝန်းကျင်မှ ဆွဲဖြန့်ဘိသနည်း၊ ရှေးဟောင်းသားရေသမားကဲ့သို့တည်း`` ဟု မိန့်တော်မူ၏။ `` အရှင်ဘုရား မြတ်စွာဘုရားသည် အလွန်ငယ်သော နိသီဒိုင်ကို ခွင့်ပြုထားတော်မူသောကြောင့် ပါတည်း`` ဟု လျှောက်၏၊ ထို့ကြောင့် နိသီဒိုင်အဆာအမြိတ်ကို ခွင့်ပြုရခြင်း ဖြစ်ပါသည်။ (ပြန်-၂၄၈) (၄-မှတ်)

၆။ သက်န်းဝတ်ပုံ, သက်န်းရုံပုံ နည်းလမ်းတို့ကိုလည်းကောင်း၊ အာပတ်မသင့်သော သပိတ်ဆေးရေ စွန့်ပစ်နည်း ကိုလည်းကောင်း၊ တရားနာပုဂ္ဂိုလ်တို့၌ ဘုရားရှင် ခွင့်မပြုအပ်သော တုတ်, ဓား, လက်နက်တို့၏ အဓိပ္ပါယ် ကိုလည်းကောင်း သေခ်ိယလာအတိုင်း ဖြေဆိုပါ။

၆။ အဖြေ==

သက်န်းဝတ်ပုံ--

ချက်အဝန်း ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်း၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ဝတ်ရမည်။ (၂-မှတ်)

သက်န်းရုံပုံ--

ရှေ့နောက် အစွန်းနှစ်ခုတို့ကို အညီအညွတ်ပြု၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ရုံရမည်။ (၂-မှတ်)

(ပြန်-၂၆၇/၂၆၈)

သပိတ်ဆေးရေ စွန့်ပစ်နည်း--

ဆွမ်းလုံးကို ထုတ်ဆယ်၍လည်းကောင်း ဆွမ်းလုံးကို ချေခွဲ၍လည်းကောင်း ထွေးခံလက်ဆေးခံဖြင့် ခံယူ၍လည်းကောင်း ရွာပသို့ထုတ်ဆောင်၍လည်းကောင်း စွန့်ပစ်ရမည်။ (ပြန်-၂၉၆)

(၃-မှတ်)

ဘုရားရှင် ခွင့်မပြုသောတုတ်--

အလယ်အလတ်ဖြစ်သော ယောက်ျား၏ လေးတောင်ရှိသောတုတ်၊ (၁-မှတ်)

ဓား = ထိုးခုတ်ရန်ဖြစ်သော တစ်ဖက်အသွားရှိသော ဓား၊ နှစ်ဘက်အသွားရှိသော ဓား၊ (၁-မှတ်)

လက်နက်= မြားညို့ရှိသော လေးလက်နက်၊ မြားညို့မရှိသော လေးလက်နက်၊ (၁-မှတ်)

(ပြန်-၂၉၈/၂၉၉)

၇။ ဘဝါဘဝေအဆက်ဆက်က နှစ်ဖြာရေစက် ဆုံခဲ့ကြသော ညီအစ်မ (၄) ယောက်တို့၏ အမည်နှ
၎င်းတို့၏ အတိတ်ဇာတ်ကြောင်းတစ်ခုကိုလည်း ဘုရားရှင်ဟောတော်မူသည့်အတိုင်း ဖြေဆိုပါ။

၇။ အဖြေ==

ညီအစ်မ(၄)ယောက်တို့၏အမည်--

နန္ဒာ၊ နန္ဒဝတီ၊ သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ။ (၄-မှတ်)

၎င်းတို့၏ အတိတ်ဇာတ်ကြောင်း--

ရဟန်းတို့ ရှေးကဖြစ်ဖူးသည်ကား ထုလ္လနန္ဒာဘိက္ခုနီမသည် ပုဏ္ဏားတစ်ဦး၏ မယားဖြစ်ဖူး၍ သူ့အား နန္ဒာ နန္ဒဝ
သုန္ဒရီနန္ဒာ- ဟူသော သမီးသုံးယောက်တို့သည် ရှိကုန်၏၊ ရဟန်းတို့ ထိုအခါ ထိုပုဏ္ဏားသည် သေလွန်
ဟင်္သာငှက်မျိုး တစ်ခု၌ ဖြစ်၏၊ ထိုဟင်္သာငှက်၏ အတောင်တို့သည် အလုံးစုံ ရွှေဖြင့် ပြီးကုန်၏၊ ထိုဟင်္သာသ
ထိုမိသားစုအား အတောင်တစ်ခုစီ ပေး၏၊ ရဟန်းတို့ ထိုအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် ဤဟင်္သာသည် ငါတို့အ
တစ်ယောက်လျှင် အတောင်တစ်ခုစီ ပေး၏-ဟု နှလုံးသွင်း၍ ထိုဟင်္သာမင်းကို ဖမ်းပြီးလျှင် အတောင်မရှိသည်
ပြုလေ၏၊ (တစ်ခုမကျန် အကုန်နှုတ်ယူလေ၏) တဖန်ပေါက်လာသော ထိုဟင်္သာမင်း၏ အတောင်တို့သ
အဖြူချည်း ဖြစ်လေကုန်၏။

(ပြန်-၃၈၃/၃၈၄) (၆-မှတ်)

၈။ အန္ဓကာရဝဂ် ပဌမ, ဆဌ သိက္ခာပုဒ်တို့၌ပါသော အချိန်ကာလနှင့် ပန်ပြောရမည့်ပုဂ္ဂိုလ်အထူးတို့ကို အဖွင့် အတိုင်း ဖြေဆို၍၊ ကိုယ့်ထက်သာ မနာလိုသဖြင့် မချမ်းမြေ့အောင်ပြုပုံကို ပြုသူ, အပြုခံရသူတို့၏ အမည် နှင့်တကွ ဖြေဆိုပါ။

၈။ အဖြေ==

ပဌမသိက္ခာပုဒ်--

အချိန်ကာလ= အရုဏ်တက်သည်မှ စ၍ မွန်းတည့်တိုင်အောင်သောအခါ

ပန်ပြောရမည့်ပုဂ္ဂိုလ်= ထိုအိမ်၌ နားလည်သောပုဂ္ဂိုလ်

ဆဌသိက္ခာပုဒ်--

အချိန်ကာလ= မွန်းတည့်လွန်သည်မှ နေဝင်တိုင်အောင်သောအခါ

ပန်ပြောရမည့်ပုဂ္ဂိုလ်= ထိုအိမ်၌ ပေးပိုင်သောပုဂ္ဂိုလ် (ပြန်-၄၁၅/၄၁၇) (၁-မှတ်စီ=၄-မှတ်)

မချမ်းမြေ့အောင်ပြုပုံ--

ထုလ္လနန္ဒာဘိက္ခုနီမသည် မနာလိုအားကြီးသဖြင့် ``ကြော်ကြားခြင်း ဂုဏ်ဖော်ခြင်းများသော ဤဘိက္ခုနီမတို့သာ အလိုနည်းကုန်သတဲ့၊ ဆိတ်ငြိမ်ကုန်သတဲ့၊ ရောနှောမှုမရှိကုန်သတဲ့`` ဟုဆိုကာ ဘဒ္ဒါကာပိလာနီ၏ ရှေ့မှ စင်္ကြံလည်း သွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ သင်လည်း သင်၏၊ သင်စေလည်း သင်စေ၏၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုလည်း ပြု၏။ (ပြန်-၄၃၀) (အမည် ၂-မှတ် ကျန်-၄-မှတ်)

၉။ တိရစ္ဆာနဝိဇ္ဇာ "ဗီလာအတတ်"ကို သင်ယူခြင်းကြောင့် ရဟန်းမတို့ အာပတ်သင့်ပုံကို ဆုံးဖြတ်ပြ၍ တိုင်းတပါး သားတို့ကို ဗုဒ္ဓ၏တရားတော်များ သိနားလည်စေရန် ဖြန့်ဝေပေးလိုသော ရဟန်းတော်တို့ အတွက် အင်္ဂလိပ်စာ သင်ယူခြင်းသည် "တိရိစ္ဆာနဝိဇ္ဇာ"ဟုတ်/မဟုတ် ပါဠိတော် အကြောင်းနှင့်တကွ ဆုံးဖြတ်ပြပါ။

၉။ အဖြေ==

အာပတ်သင့်ပုံ--

ပုဒ်ဖြင့် သင်ယူအံ့၊ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ်သင့်၏၊

အက္ခရာဖြင့် သင်ယူအံ့၊ အက္ခရာတိုင်းအက္ခရာတိုင်း ပါစိတ်အာပတ်သင့်၏။ (၂-မှတ်စီ ၄-မှတ်)

စိတ္တာဂါရဝင် နဝမသိက္ခာပုဒ်၌--

တိရစ္ဆာနဝိဇ္ဇာ``ဗီလာအတတ်``မည်သည် သာသနာတော်၏ ပြင်ပဖြစ်သော အကျိုးမဲ့နှင့်စပ်လျဉ်းသည့် အတတ်တစ်စုံ တစ်ခုတည်း-ဟု ဆို၏၊ အင်္ဂလိပ်စာ သင်ယူခြင်းသည်ကား ဘာသာစကားသပ်သပ်သာဖြစ်၍ အကျိုးမဲ့နှင့်စပ်လျဉ်းသည့် အတတ်မဟုတ်သောကြောင့်လည်းကောင်း၊ (၂-မှတ်)

စာရေးခြင်းအတတ်ကို သင်ယူအံ့၊ ဆောင်ထားခြင်းငှာ သင်ယူအံ့- . အာပတ်မသင့်ဟု ဆိုထားသောကြောင့်လည်းကောင်း (၂မှတ်)

ရဟန်းတော်တို့ အင်္ဂလိပ်စာသင်ယူခြင်းသည် တိရစ္ဆာနဝိဇ္ဇာမဟုတ်ပါ။ (ပြန်-၄၅၄) (၂-မှတ်)

၁၀။ ထုလ္လနန္ဒာဘိက္ခုနီမ၏ ဂိုဏ်းကို ရေရွတ်ပြောဆိုပုံကို ဖြေဆို၍၊ ဥပဇ္ဈာယ်ရဟန်းမနှင့် အတူနေတပည့်မတို့ အပြန်အလှန် ပြုကျင့်ရမည့်ဝတ္တရားတို့ကိုလည်း ဂဏ္ဌိနိဝင်လာအတိုင်း ဖြေဆိုပါ။

၁၀။ အဖြေ==

ဂိုဏ်းကို ရေရွတ်ပြောဆိုပုံ--

ထိုဘိက္ခုနီမတို့သည် မိုက်ကုန်၏၊ မလိမ္မာကုန်၊ ထိုဘိက္ခုနီမတို့သည် ကံကိုလည်းကောင်း ကံ၏ အပြစ်ကိုလည်းကောင်း ကံ၏ ပျက်စီးခြင်းကိုလည်းကောင်း မသိကြကုန်။ (ပြန်-၄၆၁)

(၄-မှတ်)

ဥပဇ္ဈာယ်ရဟန်းမ၏ ဝတ္တရား--

(၂)နှစ်တို့ပတ်လုံး ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း သွန်သင်ဆုံးမခြင်းဖြင့် ကိုယ်တိုင်လည်း ချီးမြှောက်ရမည်၊ သူတစ်ပါးကိုလည်း ချီးမြှောက်စေရမည်။

(၂-မှတ်)

အတူနေ တပည့်မ ဝတ္တရား--

(၂)နှစ်တို့ပတ်လုံး ဥပဇ္ဈာယ်ရဟန်းမကို ကိုယ်တိုင်ပြုစုလုပ်ကျွေးရမည်။ (ပြန်-၄၈၈/၄၈၉/၄၉၀)

(၂-မှတ်)

## ၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ

## ပါစိတ်ပါဠိတော် မြန်မာပြန်မေးခွန်းနှင့် အဖြေများ

၁။ မြတ်စွာဘုရားသာသနာတော်၌ မိမိအပြစ်ကို ဝန်ခံပုံနှင့် ကြီးပွားတိုးတက်ကြောင်း တရားများကို မှသာဝါဒဝင်နှင့်အညီ ဖြေဆို၍၊ ပထမစျာန်နှင့် စပ်၍ အာပတ်သင့်ပုံကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

မိမိအပြစ်ကို ဝန်ခံပုံ

အရှင်ဘုရား မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက်၊ အပြစ်သည် တပည့်တော်မကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ၊ တပည့်မသည် ဤသို့ မတော်မလျော်သော အမှုကို ပြုမိပါ၏။ အရှင်ဘုရား အရှင်သည် တပည့်တော်မ၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှာ သည်းခံတော်မူပါလော့။ (ဝိ-၂-မြန်-၃၄)(၃-မှတ်)

ဘုရားသာသနာ၌ ကြီးပွားတိုးတက်ကြောင်းတရား အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏၊ ဤသို့ ပြုခြင်းသည် ဘုရားအဆုံးမ၌ ကြီးပွားကြောင်းသာလျှင်ဖြစ်၏။ (ဝိ-၂-မြန်-၃၄)(၂-မှတ်)

ပထမစျာန်နှင့် စပ်၍ အာပတ်သင့်ပုံ-

ရဟန်းမဟုတ်သူအား ပထမစျာန်ကို ဝင်စားခဲ့ပြီးဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ်သင့်၏၊
ရဟန်းမဟုတ်သူအား ပထမစျာန်ဝင်စား၏ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ်သင့်၏၊
ရဟန်းမဟုတ်သူအား ထမစျာန်ကို ဝင်စားနေ၏ဟု ပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊
ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ရ၏ဟု ပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊
ရဟန်းမဟုတ်သောသူအား၊ပဌမစျာန်ကိုလေ့လာ၏ဟု၊ပြောဆိုသောရဟန်းအား၊ပါစိတ်အာပတ်သင့်၏။
ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ငါမျက်မှောက်ပြုအပ်ပြီးဟု ပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊ (ဝိ-၂-မြန်-၄၄)(၅-မှတ်)

၂။ သံဃာအလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆိုပုံနှင့် ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှင်းဆဲသော်လည်း အာပတ်မသင့်သော ရဟန်းများကို ဖြေဆိုပါ။

<u>အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းပြောဆိုပုံ-</u>

(၁) အဘယ်သူသည် အာပတ်သင့်သနည်း၊
(၂) အဘယ်သို့ အာပတ်သင့်သနည်း၊
(၃) အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊
(၄) အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊
(၅) အဘယ်သူကို ပြောဆိုကုန်သနည်း၊
(၆) အဘယ်ကို ပြောဆိုကုန်သနည်း။ (ဝိ-၂-မြန်-၅၈)(၅-မှတ်)

<u>ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှင်းဆဲသော်လည်း အပတ်မသင့်သူများ-</u>

မသိ၍ မေးသောရဟန်း၊ (ခံတွင်း)နာ၍ (မကျန်မာ၍) မပြောသောရဟန်း၊ သံဃာ၏ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှု၊ ဆန့်ကျင်သော အယူကို ယူမှု၊ ဆန့်ကျင်သောစကားကို ပြောဆိုမှုဖြစ်လတ္တံ့၊ ဟု မပြောသောရဟန်း၊ သံဃာကွဲပြားခြင်းသည်၄င်း၊ သံဃာအရေးသည်၄င်း ဖြစ်လတ္တံ့ဟု၊ မတရားသဖြင့်၄င်း နှစ်ပါးသုံးပါး အစုဖြင့်၄င်း ကံမပြုထုက်ပဲ ကံပြုလတ္တံ့-ဟု ပြောသောရဟန်း၊ အစလက်ဦး လွန်ကျူးသောရဟန်း တို့ဖြစ်ပါသည်။ (၅-မှတ်)(ဝိ-၂-မြန်-၆၂)

၃။ ဘိက္ခုနောဝါဒက သမ္မုတိရသော ရဟန်း၏ ကျင့်ဝတ်တို့တွင် နောက်(၄)ခုကိုသာ ဖော်ပြ၍၊ ဘိက္ခုနုပဿယသိက္ခာပုဒ် ဖြစ်ပေါ်လာပုံနှင့် ယင်းသိက္ခာပုဒ်အရ ဖျားနာသော ရဟန်းမကိုလည်း ဖြေဆိုပါ။

<u>ဘိက္ခုနောဝါဒသမ္မုတိရ ရဟန်း၏ကျင့်ဝတ်တို့တွင် နောက်-၄-ခု</u>

(၁) အများအားဖြင့် ရဟန်းမိန်းမတို့သည် ချစ်ခင်အပ် နှစ်လိုအပ်၏၊
(၂) ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှာ စွမ်းနိုင်၏၊
(၃) ထိုမြတ်စွာဘုရားကို ရည်မှတ်၍ ရဟန်းပြုသော ဖန်ရည်းဆိုး မဝတ်ကိုဝတ်သော မိန်းမ၌ ကြီးလေးသော အာပတ်ကို မကျူးလွန်ဘူးချေ။
(၄) ဝါနှစ်ဆယ်သော်၄င်း ဝါနှစ်ဆယ်ထက်အလွန်သော်၄င်း ဖြစ်ရ၏။ (ဝိ-၂-မြန်-၈၄)(၄-မှတ်)

<u>ဘိက္ခုနုပဿယ သိက္ခာပုဒ် ဖြစ်ပေါ်လာပုံ</u>

မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍

ဆဗ္ဗဂ္ဂိရဟာန်းမိန်းမတို့ကို ဆုံးမကုန်၏၊ ရဟာန်းမိန်းမတို့သည် ဆဗ္ဗဂ္ဂိရဟာန်းမိန်းမတို့အား "အရှင်မတို့ လာကြကုန်လော့၊ အဆုံးအမကို ခံယူကြခြင်းငှာ သွားကုန်အံ့" ဟု ဆိုကုန်၏။

အရှင်မတို့ အကျွန်ုပ်တို့သည် အဆုံးအမ ခံယူခြင်း၏ အကြောင်းကြောင့် အကြင်အရပ်သို့ သွားကုန်၏။ (ထိုသွားဖွယ် ကိစ္စမရှိတော့ပြီ အရှင်ဆဗ္ဗဂ္ဂိရဟာန်းတို့သည် ဤအရပ်၌ပင် အကျွန်ုပ်တို့ကို ဆုံးမကုန်၏ဟု ဆိုကြကုန်၏)။ (ရဟာန်းမိန်းမတို့က ကဲ့ရဲ့၊ ရဟာန်းယောကျ်ားတို့က ကဲ့ရဲ့ပြီး ဘုရားအား လျှောက်ထားကြသောကြောင့် ) ဘိက္ခုနုပဿယ သိက္ခာပုဒ်ဖြစ်ပေါ်လာသည်။ (ဝိ-၂-မြန်-၉၈) (၄-မှတ်)

ဖျားနာသော ရဟာန်းမိန်းမဟူသည်-

အဆုံးအမခံယူရန် သော်၄င်း၊ ကံကြီးကံငယ် ဆောင်ရန်သော်၄င်း၊ သွားခြင်းငှာ မစွမ်းနိုင်သော (ရဟာန်းမိန်းမတည်း) (ဝိ-၂၈မြန်-၉၁)(၂-မှတ်)

၄။ ပရမ္ပရဘောဇနသိက္ခာပုဒ်လာ အလှူရှင်အမည်၊ ကြံစည်ပုံ၊ လှူဖွယ်ဝတ္ထုတို့ကို ဖော်ပြ၍ အတိရိတ်ဝိနည်းကံ ပြုသည်မည်ပုံကိုလည်း ရှင်းပြပါ။

ပရမ္ပရဘောဇန သိက္ခာပုဒ်လာ

အလှူရှင်အမည်- အလုပ်သမား ဆင်းရဲသားတစ်ယောက်၊

ကြံစည်ပုံ- "အကြင်အမှတ်ဖြင့် ဤလူနာအပေါင်းတို့သည် ဆွမ်းကို ရိုသေစွာ ပြုပြင်ကုန်၏၊ ထိုအမှတ်ဖြင့် ဆွမ်းကို ရိုသေစွာပြုပြင်ခြင်းသည် မယုတ်ညံ့သည် ဖြစ်လတ္တံ့၊ ငါသည်လည်း ဆွမ်းကို ပြုပြင်ရမူ ကောင်းလေရာ၏" ဟုအကြံဖြစ်၏။ (ဝိ-၂-မြန်-၁၁၇)(၃-မှတ်)

အတိရိတ် ဝိနည်းကံ မည်သည်

ကပ္ပိ၍ အပ်သည်ကို ပြုအပ်၏၊ အကပ်ခံ၍ပြု၏၊ ချီမ၍ ပြုအပ်၏၊ ဟတ္ထပါသ်၌ ပြုအပ်၏၊ ဆွမ်းစားစဉ် ပြုအပ်၏၊ ဆွမ်းစားစဉ် တားမြစ်မိသော ရဟာန်းသည် နေရာမှ မထမီ ပြုအပ်၏၊ ဤအလုံးစုံကို ငါတန်ပြီဟု ဆိုအပ်၏၊ သူနာဇ် အကြွင်းဖြစ်၏။

ဤအလုံးစုံသည် အတိရိတ်ဝိနည်းကံ ပြုသည်မည်၏။ (ဝိ-၂-မြန်-၁၂၇)(၄-မှတ်)

လှူဖွယ်ဝတ္ထု

ဇီးယို၊ ဇီးယိုနှင့်ရောသော ခဲဖွယ်နှင့် တကွသောက်ဖွယ်။ (ဝိ-၂-မြန်-၁၁၈)(၂-မှတ်)

၅။ မရှိသေခြင်း နှစ်မျိုးတို့တွင် ဒုတိယမရှိသေခြင်းကိုသာ သုရာပါနဝဂ်လာအတိုင်း ဖြေဆို၍ မျက်ကွယ်ဝိကပ္ပနာ ပြုပုံကိုလည်း အများနားလည်အောင် ရှင်းပြပါ။

<u>ဒုတိယဖြစ်သော တရားတော်၌ မရှိသေခြင်း</u>

ရဟန်းတစ်ပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည်ရှိသော် ဤတရားသည် အဘယ်သို့လျှင် ပျောက်မှုလည်း ပျောက်ရာအံ့နည်း၊ ပျက်စီးမှုလည်း ပျက်စီးရာအံ့နည်း၊ ကွယ်မှုလည်း ကွယ်ရာအံ့နည်း ဟုသော်၎င်း ထိုပညတ်တော်ကို မကျင့်လို၍သော်၎င်း၊ မရှိသေခြင်းကိုပြုအံ့၊ ပါစိတ်အာပတ်သင့်၏။ (ဝိ-၂-မြန်-၁၆၉)(၅-မှတ်)

<u>မျက်ကွယ် ဝိကပ္ပနာပြုပုံ</u>

မျက်ကွယ် ဝိကပ္ပနာပြုခြင်းမည်သည် ဤသင်္ကန်းကို ဝိကပ္ပနာပြုခြင်းငှာ သင့်အားပေးပါ၏ဟု ဆိုရမည်။ ထို (သင်္ကန်းလက်ခံသူ)ရဟန်းက "သင်၏ အကျွမ်းဝင်သော မိတ်ဆွေ သို့မဟုတ် မြင်ဘူးကာမျှသော မိတ်ဆွေသည် အဘယ်သူနည်းဟုမေးရမည်" ဤမည် ဤမည်သော ရဟန်းသည် (အကျွန်ုပ်၏) အကျွမ်းဝင်သော မိတ်ဆွေ သို့မဟုတ် မြင်ဘူးကာမျှ ဖြစ်သော မိတ်ဆွေဟုဆိုရမည်။

ထို (သင်္ကန်းလက်ခံသူ)ရဟန်းက "အကျွန်ုပ်သည် ထို (သင်ပြောသော) ရဟန်းတို့အား ပေးပါမည်ဟု (ဆို၍ တဖန် ထိုသူတို့၏ ဥစ္စာကို သုံးဆောင်မှုလည်း သုံးဆောင်လော့၊ စွန့်မှုလည်း စွန့်လော့၊ အကြောင်းအားလျော်စွာ ပြုမှုလည်း ပြုလော့" ဟုဆိုရမည်။ (၅-မှတ်)(ဝိ-၂-မြန်-၁၈၁)

၆။ အသက်နှစ်ဆယ် မပြည့်သေးသောသူအား ရဟန်းခံခွင့် မပေးရခြင်းအကြောင်းကို ဖြေဆို၍ အသက်နှစ်ဆယ်မပြည့်မှန်း သိလျက် ရဟန်းခံပေးခဲ့သော် ဥပဇ္ဈာယ်ဆရာ၊ ဂိုဏ်း၊ ကမ္မဝါစာဆရာတို့အား သင့်ရောက်သော အာပတ်တို့ကိုလည်း ခွဲခြားဖြေဆိုပါ။

<u>အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းခံမပေးရကြောင်း</u>

အသက်နှစ်ဆယ်မပြည့်သေးသော ပုဂ္ဂိုလ်သည် အချမ်း၊ အပူ၊ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ မှတ်၊ခြင်၊လေ၊နေ၊ပူ မြွေ၊ကင်း၊သန်း၊ တို့၏ အတွေ့တို့ကို သည်းမခံနိုင်၊ မကောင်းသဖြင့် ဆိုအပ်၊ မကောင်းသဖြင့် ရောက်လာသော စကားတို့ကို၎င်း ကိုယ်၌ဖြစ်ဆဲ ဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်၊ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို၎င်း သည်းခံခြင်း သဘောမရှိသောကြောင့် ။ (၆-မှတ်)(ဝိ-၂-မြန်-၁၉၁)

ဥပဇ္ဈာယ်ဆရာအား ပါစိတ်အာပတ်၊ (၂-မှတ်)

ဂိုဏ်း၊ ကမ္မဝါစာ ဆရာတို့အား ဒုက္ကဋ်အာပတ်၊ (၄-မှတ်)(ဝိ-၂-မြန်-၁၉၂)

၇။ ကျောင်းအာရာမ်တွင်း၌ လူတို့၏ ရွှေငွေအသုံးအဆောင် ပစ္စည်းများကို ကောက်ယူသိမ်းထားသော ရဟန်း၏ လိုက်နာရမည့် ကျင့်ဝတ်တို့ကို ဖြေဆို၍၊ ဝိကာလေဂါမပဝိသနက္ခာပုဒ်လာ တတိယ အနုပညတ် ခွင့်ပြုရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

<u>ရဟန်းကျင့်ဝတ်</u>

အဆင်းဖြင့်သော်၄င်း အမှတ်သားဖြင့်သော်၄င်း အမှတ်ပြု၍သိမ်းထားပြီးလျှင် "ဥစ္စာ ပျောက်သောသူသည် လာစေသတည်း" ဟု ပြောကြားရမည်၊ ထိုအရပ်သို့ အကယ်၍လာအံ့၊ ထိုသူကို "ဒါယကာ သင်၏ ဥစ္စာသည် အဘယ်သို့ သဘောရှိသနည်း"ဟု မေးမြန်းရမည်။ အဆင်းနှင့်သော်၄င်း အမှတ်အသားနှင့်သော်၄င်း အကယ်၍ ညီညွတ်ပြည့်စုံအံ့၊ ပေးရမည်၊ အကယ်၍ မညီညွတ် မပြည့်စုံအံ့ "ဒါယကာ ရှာပါဦးလော့"ဟု ပြောဆိုရမည်။

ထိုကျောင်းမှ ဖဲသွားလိုသောရဟန်းသည် ထိုကျောင်း၌ သင့်လျော်သော ရဟန်းတို့၏လက်၌ ထား၍ ဖဲသွားရမည်။ သင့်လျော်သော ရဟန်းတို့ အကယ်၍ မရှိမူ ထိုကျောင်း၌ သင့်လျော်သော လူတို၏ လက်၌ ထား၍ ဖဲသွားရမည်။ (၅-မှတ်)(ဝိ-၂-မြန်-၂၃၉)

<u>တတိယ အနုပညတ်ခွင့်ပြုကြောင်း-</u>

ထိုအခါ ရဟန်းတစ်ပါးကို မြွေကိုက်၏၊ အခြားရဟန်းတစ်ပါးသည် "မီးကို ဆောင်ယူအံ့"ဟု ရွာသို့သွား၏၊ ထိုအခါ ထိုရဟန်းသည် "မြတ်စွာဘုရားသည် နေလွဲသောအခါ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ရွာအတွင်းသို့ ဝင်းခြင်းကို ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမူ "သံသယကုက္ကုစ္စ" ရှိသည်ဖြစ်၍ မဝင်ပဲနေ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြသောကြောင့်။ (၅-မှတ်)(ဝိ-၂-မြန်-၂၄၁)

၈။ သေခိယကဏ္ဍလာ သီးခြားပညတ်ထားသော အာပတ်သင့်ရောက်ပုံကို ဝတ္ထုဖြစ်ကြောင်းနှင့် တကွ ရှင်းပြ၍၊ အဖော်မမှီး တစ်ပါးတည်း ခရီးသွားသော ရဟန်းမ၏ အာပတ်သင့်ပုံ အပိုင်းခြားကို လည်း ဖြေဆိုပါ။

<u>သီးခြားပညတ်ထားသော အာပတ်- ဒုက္ကဋ်အာပတ်</u> (၁-မှတ်)

<u>သင့်ရောက်ပုံနှင့် အကြောင်း ဝတ္ထု-</u>

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ပုဏ္ဏားတစ်ယောက်သည် သံဃာ အလို့ငှာ သောက်ဖွယ် နို့ရည် နို့အေးကို စီရင်ထားလေ၏၊ ရဟန်းတို့သည် ရှုတ်ရှုတ်အသံပြု၍ နို့အေးကို သောက်ကုန်၏၊ ကချေသည် ဖြစ်ဖူးသော ရဟန်းတစ်ပါးက "ဤသံဃာအားလုံးသည် အအေးဒဏ်ထိခိုက် နေယောင်တကား"ဟု ပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ်ကြောင့် ရဟန်းသည် သံဃာကို အကြောင်းပြု၍ ရယ်ရွှင်ဖွယ်ကို ပြုဘိသနည်း"ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြပြီး ဘုရားအားလျှောက်ထားရာ ဘုရားကလည်း ကဲ့ရဲ့တော်မူပြီး "ရဟန်းတို့ ဘုရား၊ တရား၊ သံဃာနှင့် စပ်လျဉ်း၍ ရယ်ရွှင်ဖွယ်ကို မပြုအပ်၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

(၄-မှတ်)(ဝိ-၂-မြန်-၂၉၂/၂၉၃)

<u>တစ်ပါးတည်း ခရီးသွားသော ရဟန်း၏ အာပတ်သင့်ပုံ-</u>

အရံအတားရှိသော ရွာ၏ အရံအတားကို ပထမခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဒုတိယခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား သံဃာဒိသိသ် အာပတ်သင့်၏။

အရံအတားမရှိသောရွာ၏ ဥပစာကို ပထမခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား ထုလ္လစ္စဉ်း အာပတ်သင့်၏၊ ဒုတိယခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား သံဃာဒိသိသ် အာပတ်သင့်၏။

(၅-မှတ်)(ဝိ-၂-မြန်-၃၃၅/၃၃၆)

၉။ တုဝဋ္ဋက် နဝမ၊ ဒသမ သိက္ခာပိုဒ်တို့၌ လာသော လူတို့ပြောကြား ကဲ့ရဲ့စကားများ၏ မတူကွဲပြားပုံကို ခွဲခြားဖြေဆို၍၊ မြင့်လွန်းသော နေရာနှင့် ပလ္လင် တို့ကိုလည်း စိတ္တာဂါရဝဂ်လာအတိုင်း ဖြေဆိုပါ။

<u>နဝမ သိက္ခာပုဒ်လာလူတို့ကဲ့ရဲ့စကား-</u>

အဘယ်ကြောင့် ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီလှည့်လည် သွားလာကုန်ဘိသနည်း၊ စိမ်းစိုသော မြက်တို့ကို နင်းနယ်ကာ တစ်ခုသော ဣန္ဒြေ အသက်ကို ညှဉ်းဆဲ၍ များစွာသော ငယ်သောပိုးမွှားသတ္တဝါတို့ကို ဖျက်ဆီးကုန်လျက် သွားလာကုန်ဘိသနည်း။ (၃-မှတ်)(ဝိ-၂-မြန်-၄၄၁)

<u>ဒသမ သိက္ခာပုဒ်လာလူတို့ကဲ့ရဲ့စကား-</u>

ဘိက္ခုနီမတို့အား အရပ်မျက်နှာတို့သည် ကျဉ်းမြောင်းလေကုန်သလော၊ မှောင်ကျနေကုန်သလော ဤဘိက္ခုနီမတို့အား အရပ်မျက်နှာတို့သည် မထင်လာကုန်။

(၃-မှတ်)(ဝိ-၂-မြန်-၄၄၂)

မြင့်လွန်းသောနေရာ မည်သည် အတိုင်းအရှည်ပမာဏထက် ပိုလွန်သော ညောင်စောင်းကို ဆိုလိုသည်။ (ဝိ-၂-မြန်-၄၄၅)(၂-မှတ်)

ပလ္လင်မည်သည် သားရဲရုပ်တို့ဖြင့် ပြုလုပ်ထားသည့် မရွှေ့ကောင်းသော နေရာတည်း။

(၂-မှတ်)(ဝိ-၂-မြန်-၄၄၅)

၁၀။ အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား မည်သည့်အာပတ်သင့်သည်/မသင့်သည်ကို သိက္ခာပုဒ်ထောက်ပြ ဆုံးဖြတ်ပါ။

(က) အရက်ကို ရေထင်မှတ်၍ သောက်သော ရဟန်း၊

(ခ) လျှစ်စစ်မီးဖိုဖြင့် မီးလှုံသော ရဟန်း၊

(ဂ) ရုပ်ရှင်ကြည့်ရန် သွားသော ရဟန်းမ၊

(ဃ) ရဟန်းမရှိသောကျောင်း၌ "ဝါကပ်နေအံ့"ဟု နှလုံးသွင်း၍ အိပ်ရာနေရာကို ခင်းသော ရဟန်းမ၊

(င) ကျန်းမာပါလျက် မကျန်းမာဟု ထင်၍ ထီးဆောင်းသော ရဟန်းမ။

| | |
|---|---|
| (က) ပါစိတ်အာပတ်၊ သုရာပါန သိက္ခာပုဒ် | (ဝိ-၂-မြန်-၁၆၅) |
| (ခ) အာပတ်မသင့်၊ ဇောတိသိက္ခာပုဒ် | (ဝိ-၂-မြန်-၁၇၃) |
| (ဂ) ဒုက္ကဋ်အာပတ်၊ နစ္စဂီတသိက္ခာပုဒ် | (ဝိ-၂-မြန်-၃၉၇) |
| (ဃ) ဒုက္ကဋ်အာပတ်၊အဘိက္ခုကာဝါသသိက္ခာပုဒ် | (ဝိ-၂-မြန်-၄၆၅) |
| (င) ပါစိတ်အာပတ်၊ ဆတ္တုပါဟန သိက္ခာပုဒ် | (ဝိ-၂-မြန်-၅၁၄) |

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပါစိတ်ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၈ - ရက်၊ (၂၁ - ၆ - ၂၀၂၂)အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ဘုရားရှင်သည် "'ရဟန်းမဟုတ်သောသူနှင့် တမိုးတရံတည်းသောကျောင်း၌ အတူအိပ်သော ရဟန်းအား ပါစိတ်အာပတ်သင့်၏" ပညတ်တော်မူပြီးနောက် ''ရဟန်းမဟုတ်သောသူနှင့် တမိုးတရံတည်းသော ကျောင်း၌ နှစ်ည၃ သုံးည၃အတူအိပ်နိုင်၏''ဟု နောက်ထပ်ပညတ်တော်မူရခြင်းအကြောင်းကို ဖြေဆိုပြီး၊ တရားဟောမှုနှင့် စပ်လျဉ်း၍ ဒုက္ကဋ်အာပတ်သင့်ပုံကို ရေးပါ။

၂။ ဘူတဂါမသိက္ခာပုဒ်လာ အစေ့မျိုးစေ့သရုပ်ကို ထုတ်ပြပြီး၊ ရဟန်းမိန်းမတို့ အလေးအမြတ်ပြုအပ်သောတရား (ဂရုဓံ) ၈-ပါးတို့တွင် နောက်ဆုံး (၃)ပါးတို့ကိုသာ အစဉ်တကျ ဖြေဆိုပါ။

၃။ အာဝသထပိဏ္ဍသိက္ခာပုဒ်လာ "အဂိလာန - မနာမဖျားသောရဟန်း" အရ ယူရမည့် အဂိလာနကို ဖော်ပြကာ၊ ပရမ္ပရဘောဇနသိက္ခာပုဒ်၌ ရဟန်းတို့အား ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူခြင်းအကြောင်းနှင့် ယင်းသိက္ခာပုဒ်လာ ဝိကပ္ပနာပြုပုံတို့ကို ဖြေဆိုပါ။

၄။ ရဟောနိသဇ္ဇသိက္ခာပုဒ်လာ မာတုဂါမ-အရ ယူရမည့် မာတုဂါမ, မယူရမည့် မာတုဂါမတို့ကို ခွဲခြားဖြေဆိုပြီး၊ ရေသို့သက်ဆင်း၍ ငုပ်သော်လည်း အာပတ်မသင့်သော ရဟန်းများကို ပြည့်စုံအောင် ဖော်ပြပါ။

၅။ အရိဋ္ဌမည်သောရဟန်း၏ သန္တာန်၌ ဖြစ်ပေါ်နေသော မိစ္ဆာအယူကို ဖော်ပြ၍၊ တထာနာသိတ(ထိုသို့ ဖျက်ဆီးထားပြီးသော) သာမဏေကို အကြောင်းပြု၍ အာပတ်သင့်စေနိုင်သော အမှုများကို သိက္ခာပုဒ်လာအတိုင်း ရေးပါ။

၆။ မင်းနန်းတော် ဝင်ခြင်းအပြစ် (၁၀)မျိုးတို့တွင် အစ(၅)မျိုးကို အစဉ်တကျ ဖြေဆိုပါ။

၇။ သာဝတ္ထိမြို့၌ ပညတ်အပ်သော သေခိယသိက္ခာပုဒ်မှ အခြားသော သေခိယသိက္ခာပုဒ်တို့၏ နိဒါန်း, ပုဂ္ဂိုလ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖြေဆိုပြီး၊ ဂိလာနတို့ လွတ်လပ်ခွင့် မရသော သေခိယသိက္ခာပုဒ်တို့ကိုလည်း ဖော်ပြပါ။

၈။ ဥဇ္ဈာဓာဏမဏ္ဍလိကာသိက္ခာပုဒ်၌ ထုလ္လစ္စဥ်းအာပတ်သင့်စေနိုင်သော အပြုအမူများကို ပြည့်စုံအောင် ဖော်ပြပြီး၊ ဘိက္ခုနီသံဃာဒိသိသ်လာ "အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်အံ့"ဟု ပြောဆိုသော ဘိက္ခုနီမ၏ ဘွဲ့အမည်ကို ပြောဆိုရခြင်းအကြောင်းနှင့်တကွ ဖော်ပြပါ။

၉။ ဆဗ္ဗဂ္ဂီရဟန်းမတို့ များစွာသော သပိတ်တို့ကို စုဆောင်းကြမှုကြောင့် လူတို့ ကဲ့ရဲ့သောစကားရပ်ကို ဖော်ပြပြီး၊ ဘိက္ခုနီဝိဘင်း ပတ္တဝဂ် ဒွါဒသမသိက္ခာပုဒ်လာ ထုလ္လနန္ဒာဘိက္ခုနီမ၏ ဂုဏ်ပုဒ်များကို ဖော်ပြပါ။

၁၀။ မြတ်စွာဘုရားရှင်သည် ဘိက္ခုနီမတို့အား "အကြင်ဘိက္ခုနီမသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အရံတွင်းသို့ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏''-ဟု သိက္ခာပုဒ် ပညတ်တော်မူရခြင်း၏အကြောင်းကို ပြည့်စုံစွာ ရေးပါ။

**တစ်ပုဒ်စွာလျှင် (၁၀)မှတ်စီ**

၁၃၈၄-ခု၊ ၂၀၂၂-ခု
ဝိနယပိဋက ပါစိတ်ပါဠိတော် မြန်မာပြန်
မေးခွန်း နှင့် အဖြေ

---

၁။ ဘုရားရှင်သည် "'ရဟန်းမဟုတ်သောသူနှင့် တမိုးတရံတည်းသောကျောင်း၌ အတူအိပ်သော ရဟန်းအား ပါစိတ်အာပတ်သင့် သင့်၏" ပညတ်တော်မူပြီးနောက် ''ရဟန်းမဟုတ်သောသူနှင့် တမိုးတရံတည်းသောကျောင်း၌ နှစ်ညသုံးညဥ့်အတူအိပ်နိုင်၏''ဟု နောက်ထပ်ပညတ်တော်မူရခြင်းအကြောင်းကို ဖြေဆိုပြီး၊ တရားဟောမှုနှင့် စပ်လျဉ်း၍ ဒုက္ကဋ်အာပတ်သင့်ပုံကို ရေးပါ။

၁-အဖြေ

**နောက်ထပ်ပညတ်တော်မူရခြင်းအကြောင်း-**

ထိုအခါ မြတ်စွာဘုရားသည် အာဠဝီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီး လျှင်ကောသမ္ဗီပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူသည် ရှိသော်ကောသမ္ဗီပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုကောသမ္ဗီပြည် ဗဒရိကာရုံကျောင်း တိုက်၌သီတင်းသုံးနေတော်မူ၏။ ရဟန်းတို့သည် အသျှင်ရာဟုလာကို ''ငါ့သျှင်ရာဟုလာ မြတ်စွာဘုရားသည် 'ရဟန်းမဟုတ်သောသူနှင့်အတူ မအိပ်ရ'ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ငါ့သျှင်ရာဟုလာ အိပ်ရန်နေရာကို သိလော့''ဟုဆိုကုန်၏။ထိုအခါ အသျှင်ရာဟုလာသည် အိပ်ရန် နေရာကို မရသည် ဖြစ်၍ ကျင်ကြီးစွန့်ရာ ဝစ္စကုဋီ၌အိပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ ထတော်မူ၍ ဝစ္စကုဋီသို့ ချဉ်းကပ်ပြီးလျှင် ချောင်းဟန့်တော်မူ၏၊ အသျှင်ရာဟုလာသည်လည်း ချောင်းဟန့်လေ၏။

''ဤနေရာ၌ မည်သူနည်း''ဟု (မေးတော်မူရာ)။

''မြတ်စွာဘုရား အကျွန်ုပ် ရာဟုလာပါတည်း''ဟု (လျှောက်၏)။

''ရာဟုလာ သင်သည် အဘယ့်ကြောင့် ဤနေရာ၌ နေဘိသနည်း''ဟု (မေးတော်မူ၏)။

ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို- ''ရဟန်းတို့ ရဟန်းမဟုတ်သော သူနှင့် နှစ်ညဉ့် သုံးညဉ့် အတူတကွ အိပ်ခြင်းကို ပြုခြင်းငှါခွင့်ပြုတော်မူ၏''ဟု မိန့်တော်မူ၏။ (ပါ-၂၇၊ ပိုဒ်ရေ-၅၀၊ မြန်မာပြန်-၃၁-၃၂)

**တရားဟောမှုနှင့် စပ်လျဉ်း၍ ဒုက္ကဋ်အာပတ်သင့်ပုံ-**

ဘီလူးမအားလည်းကောင်း၊ ပြိတ္တာမအားလည်းကောင်း၊ ပဏ္ဍုက်အားလည်းကောင်း၊ လူယောင်ဆောင်သော တိရစ္ဆာန်မအားလည်းကောင်း သိကြားလိမ္မာသူ လူယောကျ်ားကို ကြည့်၍ ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူကို မာတုဂါမဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ (ပါ-၃၅၊ ပိုဒ်ရေ-၆၅၊ မြန်မာပြန်-၄၀)

---

၂။ လူတဂါမသိက္ခာပုဒ်လာ အစေ့မျိုးစေ့သရုပ်ကို ထုတ်ပြပြီး၊ ရဟန်းမိန်းမတို့ အလေးအမြတ် ပြုအပ်သောတရား (ဂရုဓံ) ၈-ပါးတို့တွင် နောက်ဆုံး (၃)ပါးတို့ကိုသာ အစဉ်တကျ ဖြေဆိုပါ။

၂-အဖြေ

**အစေ့မျိုးစေ့သရုပ်-**

ကောက်စပါး, ပဲ၊ ထိုမှတစ်ပါး အစေ့၌ ဖြစ်ကုန်သော အစေ့ကို စိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်။

(ပါစိတ်မြန်မာပြန်။ ၅၇)

**နောက်ဆုံး (၃) ပါး**

(၁) ခြောက်ပါးသော တရားတို့၌ နှစ်နှစ်တို့ပတ်လုံး ကျင့်ပြီးသော သိက္ခာရှိသော သိက္ခမာန်၏ ဘိက္ခု ဘိက္ခုနီ ' ရဟန်း ရဟန်းမိန်းမ' နှစ်ဖက်သော သံဃာ၌ ပဥ္စင်းအဖြစ်ကို ရှာအပ်၏၊ဤတရားကိုလည်း အရိုအသေပြု၍ အလေးအမြတ်ပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၂) ရဟန်းမိန်းမသည် တစ်စုံတစ်ခုသော အကြောင်းနှင့်မျှ ရဟန်းယောကျ်ားကို မဆဲရေး 'မမြည်တွန်' အပ်၊ မ ရေရွတ်အပ်၊ ဤတရားကိုလည်း။ပ။

(၃) ယနေ့မှအစပြု၍ ရဟန်းမိန်းမတို့အား ရဟန်းယောကျ်ားတို့၌ ပြောဆိုခြင်း အကြောင်းကို ပိတ်ပင်တားမြစ်အပ်၏၊ ရဟန်းယောကျ်ားတို့အား ရဟန်းမိန်းမတို့၌ ပြောဆိုခြင်း အကြောင်းကို မပိတ်ပင် မတားမြစ်အပ်၊ ဤတရားကိုလည်း အရိုအသေပြု၍ အလေးအမြတ်ပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်''။

(ပါစိတ်မြန်မာပြန်၊ ၈၅။ ပါဠိတော်။ ၇၅)

၃။ အာဝသထပိဏ္ဍသိက္ခာပုဒ်လာ "အဂိလာန-မနာမဖျားသောရဟန်း"အရ ယူရမည့် အဂိလာနကို ဖော်ပြကာ၊ ပရမ္ပရဘောဇနသိက္ခာပုဒ်၌ ရဟန်းတို့အား ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူခြင်း အကြောင်းနှင့် ယင်းသိက္ခာပုဒ်လာ ဝိကပ္ပနာပြုပုံတို့ကို ဖြေဆိုပါ။

၃-အဖြေ

**အဂိလာန-အရ** ထိုလာလာသမျှ ဧည့်သည်တို့ တည်းခိုရန် ဇရပ်မှ ဖဲသွားခြင်းငှါ စွမ်းဆောင်နိုင်သော ရဟန်း တည်း။ (ပါ-၉၇။ ပုဒ်ရေ- ၂၀၆။ မြန်မာပြန်-၁၁၁)

**ရဟန်းတို့အား ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူခြင်းအကြောင်း-**

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် နောက်ပါ ရဟန်းဖြစ်သော အသျှင်အာနန္ဒာနှင့်အတူ တစ်ဦးသော ဒါယကာအိမ်သို့ ချဉ်းကပ်၍ ခင်းထား အပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ ထိုလူတို့သည် မြတ်စွာဘုရားအားလည်းကောင်း၊ အသျှင်အာနန္ဒာအားလည်းကောင်း ဘောဇဉ်ကို လှူဒါန်းကုန်၏။ အသျှင်အာနန္ဒာသည် မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူ ချေ၊ မြတ်စွာဘုရားသည် အာနန္ဒာ ခံယူလော့ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တန်ပါပြီ အကျွန်ုပ်အား ဆွမ်း ကို ရနိုးခြင်းသည် ရှိပါ၏ဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် ဝိကပ္ပနာပြု၍ ခံယူလော့ဟု (မိန့်တော်မူ၏ )။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို- '' ရဟန်းတို့ ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏''ဟု မိန့်တော်မူ၏။

(ပါ-၁၀၅။ ပိုဒ်ရေ-၂၂၆။ မြန်မာပြန်-၁၂၀-၁)

**ဝိကပ္ပနာ ပြုပုံ-**

''ငါ၏ ရနိုးသော ဆွမ်းကို ဤမည်သော ရဟန်းအား လှူဒါန်းပါ၏''ဟု (ဝိကပ္ပနာ ပြုအပ်၏)။

---

၄။ ရဟောနိသဇ္ဇသိက္ခာပုဒ်လာ မာတုဂါမ-အရ ယူရမည့် မာတုဂါမ, မယူရမည့်မာတုဂါမတို့ကို ခွဲခြားဖြေဆိုပြီး၊ ရေသို့သက်ဆင်း၍ ငုပ်သော်လည်း အာပတ်မသင့်သော ရဟန်းများကို ပြည့်စုံအောင် ဖော်ပြပါ။

၄-အဖြေ

**မာတုဂါမ-အရ ယူရမည့် မာတုဂါမ,**

ကောင်းစွာ ဆိုသောစကား မကောင်းသဖြင့် ဆိုသောစကား၊ ရုန့်ရင်းသော စကား မရုန့်ရင်းသော စကားကို သိခြင်းငှါ စွမ်းနိုင်သော သိကြားလိမ္မာသော လူမိန်းမ၊

**မယူရမည့်မာတုဂါမ-** ဘီလူး(နတ်)မ ၊ ပြိတ္တာမ၊ တိရစ္ဆာန်မ ။ (ပါ-၁၃၀၊ မြန်မာပြန်-၁၄၈)

**ရေသို့သက်ဆင်း၍ ငုပ်သော်လည်း အာပတ်မသင့်သော ရဟန်းများ**

မြူးထူးပျော်ပါး မကစားလိုသော သဘောဖြင့်သော်လည်းကောင်း၊ အကြောင်းကိစ္စ ရှိခဲ့သော်လည်းကောင်း ရေသို့သက်ဆင်း၍ ငုပ်သောရဟန်း၊

တစ်ဖက်ကမ်းသို့ သွားလိုသောကြောင့် ရေသို့သက်ဆင်း၍ ငုပ်သောရဟန်း၊

ဘေးရန်တို့ကြောင့် ရေသို့သက်ဆင်း၍ ငုပ်သောရဟန်း၊

ရူးသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

(ပါ-၁၄၉။ ပိုဒ်ရေ-၃၃၉။ မြန်မာပြန်-၁၆၈)

၅။ အရိဋ္ဌမည်သောရဟန်း၏ သန္တာန်၌ ဖြစ်ပေါ်နေသော မိစ္ဆာအယူကို ဖော်ပြ၍၊ တထာနာသိတ(ထိုသို့ ဖျက်ဆီးထားပြီးသော) သာမဏေကို အကြောင်းပြု၍ အာပတ်သင့်စေနိုင်သော အမှုများကို သိက္ခာပုဒ်လာအတိုင်း ရေးပါ။

၅-အဖြေ

**အရိဋ္ဌမည်သောရဟန်း၏ သန္တာန်၌ ဖြစ်ပေါ်နေသော မိစ္ဆာအယူ-**

''(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရား တို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်''ဟူသော မိစ္ဆာအယူ။ (ပါ-၁၇၅။ ပိုဒ်ရေ-၄၁၇။ မြန်မာပြန်-၁၉၆။)

**အာပတ်သင့်စေနိုင်သော အမှုများ-**

ထိုသို့ ဖျက်ဆီးထားပြီးသော သာမဏေကို ဖြားယောင်းမူလည်း ဖြားယောင်းခြင်း၊

လုပ်ကျွေးမူလည်း လုပ်ကျွေးစေခြင်း၊

အတူမူလည်း သုံးဆောင်ခြင်း၊ အတူမူလည်း အိပ်ခြင်း (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။

(ပါ-၁၈၃၊ ပိုဒ်ရေ-၄၂၉၊ မြန်မာပြန်-၂၀၆)

၆။ မင်းနန်းတော် ဝင်ခြင်းအပြစ် (၁၀)မျိုးတို့တွင် အစ(၅)မျိုးကို အစဉ်တကျ ဖြေဆိုပါ။

**မင်းနန်းတော် ဝင်ခြင်းအပြစ် (၁၀)မျိုးတို့တွင် အစ(၅)မျိုး-**

(၁) ရဟန်းတို့ မင်းနှင့်မိဖုရား အတူနေရာသို့ ရဟန်းဝင်သောအခါ မိဖုရားကသော်လည်း ရဟန်းကို မြင်၍ ပြုံးရယ်မိတတ်၏၊ ရဟန်းကသော်လည်း မိဖုရားကို မြင်၍ ပြုံးရယ်မိတတ်၏၊ ထိုသို့ ပြုံးရယ်မိရာ၌ မင်းကြီးအား ''ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီးသော် လည်းကောင်း၊ လွန်ကျူးလတ္တံ့သော်လည်းကောင်း မချွတ်ဖြစ်ရာ၏''ဟု အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ပဌမအပြစ်တည်း။

(၂) ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း မင်းမည်သည်ကား များသော ကိစ္စ ရှိ၏၊ များသော ပြုဖွယ် ရှိ၏၊ မိန်းမ ' မိဖုရားငယ်' တစ်ယောက်ကို သွားလာပြီးနောက် အမှတ်မရ၊ ထိုမိန်းမသည် ထိုမင်းသွားလာခြင်းကြောင့် ကိုယ်ဝန်စွဲယူရာ၌ ''ဤအရပ်၌ ရဟန်းမှတစ်ပါး အခြားသူ တစ်စုံ တစ်ယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော ''ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ဒုတိယအပြစ်တည်း။

(၃) ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ တစ်စုံတစ်ခုသော ရတနာပျောက် သောအခါ ''ဤ

အရပ်၌ ရဟန်းမှတစ်ပါး အခြားသူ တစ်စုံတစ်ယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေ သလော''ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ တတိယအပြစ်တည်း။

(၄) ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ လျှို့ဝှက်ထားသော တိုင်ပင်ချက် နန်းတွင်းရေးသည် အပြင်ဘက်တွင် ပျံ့နှံ့သောအခါ ''ဤအရပ်၌ ရဟန်းမှတစ်ပါး အခြားသူ တစ်စုံ တစ်ယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော''ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ စတုတ္ထအပြစ်တည်း။

(၅) ရဟန်းတို့ တစ်ဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ သားကသော်လည်း အဖကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ အဖကသော်လည်း သားကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ ''ဤအရပ်၌ ရဟန်းမှတစ်ပါး အခြားသူ တစ်စုံတစ်ယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော''ဟု ထိုသူတို့အား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ပဉ္စမအပြစ်တည်း။ (ပါ-၂၀၇၊ ပိုဒ်ရေ-၄၉၇၊ မြန်မာပြန်-၂၃၃)

၇။ သာဝတ္ထိမြို့၌ ပညတ်အပ်သော သေခိယသိက္ခာပုဒ်မှ အခြားသော သေခိယသိက္ခာပုဒ်တို့၏ နိဒါန်း, ပုဂ္ဂိုလ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖြေဆိုပြီး၊ ဂိလာနတို့ လွတ်လပ်ခွင့် မရသော သေခိယသိက္ခာပုဒ်တို့ကိုလည်း ဖော်ပြပါ။

၇-အဖြေ

သုသုရုရုကာရကသိက္ခာပုဒ်- ကောသမ္ဗီပြည်- ရဟန်းတော်များ (ပါ-၂၅၈၊ မြန်မာပြန်-၂၉၂)

ပါနီယထာလက, သသိတ္ထကသိက္ခာပုဒ်- ဘဂ္ဂတိုင်း- ရဟန်းတော်များ (ပါ-၂၆၀-၁၊ ပြန်-၂၉၅-၆)

**ဂိလာနတို့ လွတ်လပ်ခွင့် မရသော သေခိယသိက္ခာပုဒ်များ-**

ခမ္ဘကတဝဂ်လာ သမတိတ္တိကသိက္ခာပုဒ် (ပါ- ၂၅၀)

သက္ကစ္စဝဂ်လာ သူပဗျဉ္ဇနပဋိစ္ဆာဒန, ဥဇ္ဈာနသညီသိက္ခာပုဒ်။ (ပါ-၂၅၂၊ ၂၅၄)

---

၈။ ဥဇ္ဇာဗာဏမဏ္ဍလိကာသိက္ခာပုဒ်၌ ထုလ္လစ္စဉ်းအာပတ်သင့်စေနိုင်သော အပြုအမူများကို ပြည့်စုံအောင် ဖော်ပြပြီး၊ ဘိက္ခုနီသံဃာဒိသိသ်လာ "အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်အံ့"ဟု ပြောဆိုသော ဘိက္ခုနီမ၏ ဘွဲ့အမည်ကို ပြောဆိုရခြင်းအကြောင်းနှင့်တကွ ဖော်ပြပါ။

၈-အဖြေ

**ထုလ္လစ္စဉ်းအာပတ်သင့်စေနိုင်သော အပြုအမူများ-**

နှစ်ဦးနှစ်ဖက်လုံး (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ရှိသော် ညှပ်ရိုးအောက်နှင့် ပုဆစ် ဒူးဝန်းအထက်၌ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ညှပ်ရိုးမှ အထက် ပုဆစ်ဒူးဝန်းမှ အောက်ကို ကိုယ်ဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

တစ်ဦး တစ်ဖက်သာလျှင် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည် ရှိသော် ညှပ်ရိုးအောက် ပုဆစ် ဒူးဝန်း အထက်၌ ကိုယ်ဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

နှစ်ဦးနှစ်ဖက်လုံးပင်လျှင် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည် ရှိသော် ဘီလူး ပြိတ္တာ ပဏ္ဍုက် နှင့် လူယောင်ဖန်ဆင်းသော တိရစ္ဆာန်တို့၏ ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်းမှ အထက်၌ ကိုယ်ဖြင့် ကိုယ် ကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ (ပါ-၂၇၇၊ ပိုဒ်ရေ-၆၅၉၊ ၆၆၀-၁၊ မြန်မာပြန်-

**ဘိက္ခုနီမ၏ ဘွဲ့အမည်-** စဏ္ဍကာဠီဘိက္ခုနီ

**ပြောဆိုရကြောင်း-** ဘိက္ခုနီမတို့နှင့် ခိုက်ရန် ဖြစ်ပြီးလျှင် အမျက်ထွက်၍ နှလုံးမသာသောကြောင့် (ပါ-၃၀၃၊ ပိုဒ်ရေ-၇၀၉၊ မြန်မာပြန်-၃၄၃)

---

၉။ ဆဗ္ဗဂ္ဂီရဟန်းမတို့ များစွာသောသပိတ်တို့ စုဆောင်းကြမှုကြောင့် လူတို့ ကဲ့ရဲ့သော စကားရပ်ကို ဖော်ပြပြီး၊ ဘိက္ခုနီဝိဘင်း ပတ္တဝဂ် ဒွါဒသမသိက္ခာပုဒ်လာ ထုလ္လနန္ဒာဘိက္ခုနီမ၏ ဂုဏ်ပုဒ်များကို ဖော်ပြပါ။

၉-အဖြေ

**လူတို့ ကဲ့ရဲ့သော စကားရပ်-**

"ဘိက္ခုနီမတို့သည် များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် စုဆောင်းကြကုန်ဘိသနည်း၊ ဘိက္ခုနီမတို့သည် သပိတ် ကုန်သွယ်ခြင်းကိုသော်လည်း ပြုကုန်လတ္တံ့၊ အိုးခွက်ဈေးဆိုင်ကိုသော်လည်း ခင်းကြကုန်လတ္တံ့ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

**ဂုဏ်ပုဒ်များ-**

ထုလ္လနန္ဒာဘိက္ခုနီမသည် အကြားအမြင်များ၍ အပြော ကောင်း၏၊ တရားဟောခြင်း၌လည်း ရဲရင့်၍ စွမ်းရည်သတ္တိ ရှိ၏။ (ပါ-၃၃၆၊ ပိုဒ်ရေ-၇၈၈၊ ပြန်-၃၈၀)

---

၁၀။ မြတ်စွာဘုရားရှင်သည် ဘိက္ခုနီမတို့အား "အကြင်ဘိက္ခုနီမသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အရံတွင်းသို့ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"-ဟု သိက္ခာပုဒ် ပညတ်တော်မူရခြင်း၏အကြောင်းကို ပြည့်စုံစွာ ရေးပါ။

၁၀-အဖြေ

**သိက္ခာပုဒ် ပညတ်တော်မူရခြင်း၏အကြောင်း-**

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ များစွာသော ရဟန်းတို့သည် ရွာကျောင်း၌ သင်္ကန်းတစ်ထည်တည်းသာ ဝတ်ကုန်လျက် သင်္ကန်းချုပ်နေကြကုန်၏။ ဘိက္ခုနီမတို့သည် မပန်ကြားဘဲ အရံအတွင်းသို့ ဝင်၍ ထိုသင်္ကန်းချုပ်သော ရဟန်းတို့အထံသို့ ချဉ်းကပ်ကုန်၏။ ရဟန်းတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မပန်ကြားဘဲ အရံအတွင်းသို့ ဝင်ကုန်ဘိသနည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်သောကြောင့်- "အကြင်ဘိက္ခုနီမသည် မပန်ကြားဘဲ အရံတွင်းသို့ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"-ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

ထိုစဉ်အခါ၌ ရဟန်းတို့သည် ထိုကျောင်းမှ ဖဲသွားကုန်၏။ ဘိက္ခုနီမတို့သည် "အသျှင် ကောင်းတို့ ဖဲသွားကုန်ပြီ"ဟု အရံတွင်းသို့ မသွားကုန်။ ထိုအခါ ရဟန်းတို့သည် ထိုကျောင်းသို့ တစ်ဖန် ပြန်လာကုန်၏။ ဘိက္ခုနီမတို့သည် "အသျှင်ကောင်းတို့ ပြန်လာကုန်ပြီ"ဟု ပန်ကြား၍ အရံတွင်းသို့ ဝင်ပြီးလျှင် ထိုရဟန်းတို့ အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးနောက် တစ်ခုသော နေရာ၌ နေကုန်၏၊ တစ်ခုသော နေရာ၌ နေသော ဘိက္ခုနီမတို့ကို ထိုရဟန်းတို့က "နှမတို့ သင်တို့သည် အဘယ့် ကြောင့် အရံကို တံမြက်မလှည်းကုန်ဘိသနည်း၊ သောက်ရေ သုံးဆောင်ရေကို မတည်ထားကုန်ဘိသနည်း"ဟု ဆိုကုန်၏။ အသျှင်တို့ "အရံတွင်းသို့ မပန်ကြားဘဲ မဝင်ရ"ဟု သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူ၏။ ထို့ကြောင့် အကျွန်ုပ်တို့သည် အရံတွင်းသို့ မလာကြပါကုန်ဟု လျှောက်ကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်သောကြောင့်- "အကြင်ဘိက္ခုနီမသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အရံတွင်းသို့ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"-ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

---


❀ ခရီးရှေ့သို့ ဆက်ကြစို့ ❀
ယခုအခါ တို့သူငါသည်
ပညာတတ်မှ လူရည်လှလိမ့်။
ကမ္ဘာ့အလယ် တို့လူငယ်တို့
ကျယ်သောအမြင် လျှင်သောဉာဏ်အား
သန်လျက်ဓားသို့ အသွားချွန်မြ
ထက်မြက်လှအောင် သွေးကြပါကုန်
မောင်မယ်စုံတို့။
ငါတို့နိုင်ငံ ဝင်းဝင်းလျှံအောင်
သိပ္ပံဝိဇ္ဇာ ပညာဆီမီး
ထွန်းညှိပြီးလျှင်
ခရီးရှေ့သို့ ဆက်ကြစို့။
{ကဗျာဆရာ−တင်မိုး}